# ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## သတင်းလွှာ

Ministry of Health and Sports

Newsletter

၂၀၁၇ ခုနှစ်၊ ဇွန်လ

အတွဲ (၂)၊ အမှတ် (၂)










## ပြည်သူလူထုကျန်းမာရေး ပူးပေါင်းမြှင့်တင်ဆောင်ရွက်ပေး

မြို့ပြဒေသတွင်သာမက ကျေးလက်ဒေသ၊ ဝေးလံခက်ခဲဒေသနှင့် လူမှုစီးပွားရေးအခြေအနေနိမ့်ပါးသည့် ပြည်သူများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံး၏ ကျန်းမာရေးအဆင့်အတန်း ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အရည်အသွေးပြည့်ဝပြီး လူတိုင်း လက်လှမ်းမီသည့် ကျန်းမာရေး လွှမ်းခြုံ စောင့်ရှောက်မှုရရှိစေရန် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရေးသည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အန္တိမရည်မှန်းချက်ဖြစ်ပါသည်။

အသက်အရွယ်မရွေး၊ လူတန်းစားအလွှာအသီးသီးတွင် ကျန်းမာရေးအသိပညာများ ပြည့်ဝနေမှသာလျှင် ကျန်းမာရေးနှင့် ညီညွတ်သည့် အလေ့အကျင့်၊ အပြုအမူများဖြစ်သည့် ဘေးအန္တရာယ်ကင်း၍ ကျန်းမာရေးကိုအကျိုးပြုသော အစားအစာများစားသုံးခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သည့် လူနေမှုဘဝပုံစံဖြင့် ပြုမူနေထိုင်ခြင်းတို့ကို လိုက်နာကျင့်သုံးဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ အထူးသဖြင့် ပုံမှန်ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများကိုလည်း ပြည်သူလူထုက စိတ်ပါဝင်စားစွာ နေ့စဉ်ဆောင်ရွက်ရန် လိုအပ်ပါသည်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနအနေဖြင့် မြို့နယ်အဆင့် အားကစားဖွံ့ဖြိုးတိုးတက်ရေး စီမံချက်များချမှတ်၍ နိုင်ငံတစ်ဝန်းလုံးတွင် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါသည်။ ပြည်သူလူထုအတွင်း အဆိုပါအလေ့အထများအား ပုံမှန် ပြုမူလိုက်နာကျင့်သုံးစေရန်မှာ ကြီးမားသော စိန်ခေါ်မှုတစ်ရပ် ဖြစ်သော်လည်း မိမိတို့ ဝန်ကြီးဌာနအနေဖြင့် တစ်ဆင့်ပြီးတစ်ဆင့် ကဏ္ဍအလိုက် အောင်မြင်မှုများရရှိစေရန် အစွမ်းကုန်အားဖြည့်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် (က) ကျန်းမာရေးအသိပညာမြှင့်တင်ရေးလုပ်ငန်းများ (ခ) ကျောင်းကျန်းမာရေးလုပ်ငန်းများ (ဂ) ရောဂါကြိုတင်ကာကွယ်ရေး၊ ကျန်းမာရေးအဆင့်အတန်းမြှင့်တင်ရေးနှင့် ကျန်းမာမှု ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ (ဃ) ကျန်းမာရေးနှင့်အားကစားဆိုင်ရာဝန်ထမ်းများအားလုံး၏ လုပ်ငန်းခွင်စွမ်းဆောင်မှုအရည်အသွေးတိုးတက်မြင့်မားစေရေးလုပ်ငန်းများနှင့် (င) ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်း/ပြည်ပ လူမှုရေးအဖွဲ့အစည်းများ၊ တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများ၊ ပြည်သူလူထုအခြေပြုအဖွဲ့အစည်းများစသည့် အကျိုးတူပူးပေါင်းဆောင်ရွက်မည့် အသင်းအဖွဲ့များ၊ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူများနှင့် လက်တွဲ၍ စီမံကိန်းများ၊ စီမံချက်များ၊ လုပ်ငန်းစဉ်များချမှတ်ကာ အားသွန်ခွန်စိုက်ပူးပေါင်း ဆောင်ရွက်လျက်ရှိပါသည်။ သို့ရာတွင် ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားဖြည့်ဆောင်ရွက်ရန် လိုအပ်လျက်ရှိသော လုပ်ငန်းနယ်ပယ်များ ရှိနေဆဲ ဖြစ်ပါသည်။ အထူးသဖြင့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းနှင့် ကုသရေးလုပ်ငန်းများသည် အပြန်အလှန် ပတ်သက်ဆက်နွယ်လျက်ရှိပြီး ယင်းလုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ပြည်သူလူထုတစ်ရပ်လုံး၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားရေးဘုံရည်မှန်းချက်ကို ရရှိအောင်မြင်နိုင်မည် ဖြစ်ပါသည်။ ကျန်းမာရေးပြဿနာများနှင့် ရောဂါဖြစ်ပွားမှုနှုန်းများ မြင့်မားလာသော်လည်း ရောဂါကြိုတင်ကာကွယ်ရေးနှင့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံ ဆောင်ရွက်ခြင်းဖြင့် ဆေးရုံ၊ ဆေးခန်းများတွင် တက်ရောက်ကုသရမှုများ နည်းပါးလာပြီး စရိတ်စကကုန်ကျရခြင်းများကို ထိရောက်စွာ လျှော့ချနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပြည်သူ့ကျန်းမာရေးလုပ်ငန်းနှင့် ကုသရေးလုပ်ငန်းများအား ပေါင်းစည်းညီညွတ်စွာ အရှိန်တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် ပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

*(ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၏ အမှာစကားတစ်ခုမှ ကောက်နုတ်ချက်)*

## ၂၀၁၇ ခုနှစ်၊ မတ်လမှ ဇွန်လအတွင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့သည့် အခမ်းအနားများနှင့် တွေ့ဆုံဆွေးနွေးပွဲများ

- ၂-၃-၂၀၁၇ - ဒုတိယအကြိမ် မဲခေါင်မြစ်ဝှမ်းဒေသနိုင်ငံများ၏ ငှက်ဖျားရောဂါကင်းဝေးရေးလုပ်ငန်းများဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတက်ရောက်ခြင်း။
- ၄-၃-၂၀၁၇ - မြန်မာနိုင်ငံဆရာဝန်အသင်းတွင်ကျင်းပသည့် ငှက်ဖျားရောဂါစာတမ်းဖတ်ပွဲအခမ်းအနားသို့ တက်ရောက်ခြင်း။
  - ပြည်သူ့ကျန်းမာရေးတက္ကသိုလ်(ရန်ကုန်)တွင် ဆရာ/ ဆရာမများ၊ သင်တန်းသား/သင်တန်းသူများနှင့် တွေ့ဆုံခြင်း။
- ၆-၃-၂၀၁၇ - ကင်ဆာရောဂါကာကွယ်တိုက်ဖျက်ရေးစီမံချက်၏ "Launching Ceremony of Inception Mission on UN Global Joint Program on Cervical Cancer Prevention and Control " အခမ်းအနားသို့ တက်ရောက်ခြင်း။
- ၇-၃-၂၀၁၇ - မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC) တည်ထောင်နိုင်ရေး ဒုတိယအကြိမ်မြောက် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ခြင်း။
- ၈-၃-၂၀၁၇ - ပဥ္စမအကြိမ် အာရှပစိဖိတ်ဒေသဆိုင်ရာ အီလက်ထရောနစ်ကျန်းမာရေးသတင်းကွန်ယက်ညီလာခံ (Digital Health Conference in the Asia-Pacific and 5th Asia eHealth Information Network - AeHIN General Meeting) ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ခြင်း။
  - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် FAO တို့ ပူးပေါင်း၍ ကျင်းပသော အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေးမူဝါဒရေးဆွဲခြင်းနှင့်စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲ (National Workshop on Development of Food Safety Policy and Evidence-based Decision Making in Myanmar) ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခြင်း။
- ၁၂-၃-၂၀၁၇ - မြန်မာနိုင်ငံ အဏ္ဏာအာဟာရနှင့် အစာစားသုံးမှုအခြေအနေလေ့လာရေးစစ်တမ်း သုတေသနနည်းပညာကော်မတီ ဆဋ္ဌမအကြိမ်အစည်းအဝေးသို့ တက်ရောက်ခြင်း။
- ၁၃-၃-၂၀၁၇ - Myanmar Diabetes Care Program 2017-2020 between the Ministry of Health and Sports and Novo Nordisk A/S ပူးပေါင်းဆောင်ရွက်မှု စာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်ခြင်း။
  - သူနာပြုတက္ကသိုလ် (ရန်ကုန်)တွင် ကျင်းပသော Stakeholders Consultation on Nursing and Midwifery Curriculum ဆွေးနွေးပွဲသို့ တက်ရောက်ခြင်း။
- ၁၄-၃-၂၀၁၇ မှ ၁၆-၃-၂၀၁၇ - ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသ TB ရောဂါ အဆုံးသတ်ရေးဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေး (Ministerial Meeting towards Ending TB in WHO South-East Asia Region)သို့ တက်ရောက်ခြင်း။
- ၁၄-၃-၂၀၁၇ - ဆေးရုံစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၁/၂၀၁၇) သင်တန်းဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ခြင်း။
- ၁၇-၃-၂၀၁၇ - သူနာပြုတက္ကသိုလ်(ရန်ကုန်) ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံခြင်း။
- ၂၀-၃-၂၀၁၇ - (၂၀၁၇) ခုနှစ်၊ ထူးချွန်အခြေခံကျန်းမာရေးဝန်ထမ်းနှင့် ထူးချွန်စေတနာ့ဝန်ထမ်းကျန်းမာရေးလုပ်သားများ လေ့လာရေးခရီးစဉ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာအပ်နှင်းခြင်းအခမ်းအနားသို့တက်ရောက်ခြင်း။
- ၂၂-၃-၂၀၁၇ - ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၏ ရလဒ်များအပေါ် ဆန်းစစ်သုံးသပ်ရန်နှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအတွက် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ခြင်း။
- ၂၃-၃-၂၀၁၇ - မြန်မာနိုင်ငံ လူနေမှုဘဝနှင့်ကျန်းမာရေးဆိုင်ရာအခြေခံအချက်အလက်စစ်တမ်း(၂၀၁၅-၁၆) ပင်မအစီရင်ခံစာ ထုတ်ပြန်ဆွေးနွေးပွဲ (National Seminar on Myanmar Demographic and Health Survey 2015-16) သို့ တက်ရောက်ခြင်း။

- ၂၄-၃-၂၀၁၇
  - သူနာပြုတက္ကသိုလ်(ရန်ကုန်)၌ သူနာပြုတက္ကသိုလ်များတွင် သူနာပြု၊ သားဖွားဆိုင်ရာ သုတေသနဌာနခွဲများ အချိန်တိုအတွင်း ဖွင့်လှစ်နိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ခြင်း။
  - (၂၀၁၇) ခုနှစ်၊ ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အခမ်းအနားသို့ တက်ရောက်ခြင်း။
- ၂၆-၃-၂၀၁၇
  - ဆေးလုပ်ငန်းမှုဆက်ဆံရေးလုပ်ငန်း နှစ်(၆၀)ပြည့် အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ခြင်း။
- ၃၁-၃-၂၀၁၇
  - အမျိုးသားကျန်းမာရေးစီမံကိန်း(၂၀၁၇-၂၀၂၁) စတင်ဆောင်ရွက်မှုအသိပေးခြင်းအခမ်းအနားသို့တက်ရောက်ခြင်း။
- ၅-၄-၂၀၁၇
  - ထိခိုက်မှုအန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာ သတင်းအချက်အလက်များ အမြဲမပြတ် စောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်း အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခြင်း။
  - မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ရေး ဗဟိုအဆင့်ညှိနှိုင်းအစည်းအဝေးပွဲသို့ တက်ရောက်ခြင်း။
- ၆-၄-၂၀၁၇
  - ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် Global Commission on Drug Policy (GCDP) ဥက္ကဋ္ဌဖြစ်သူ ဆွစ်ဇာလန်နိုင်ငံသမ္မတဟောင်း Ms. Ruth Dreifuss နှင့် တွေ့ဆုံခြင်း။
  - အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ ဟန်ချက်ညီပူးပေါင်းဆောင်ရွက်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခြင်း။
  - ရှမ်းပြည်နယ်၊ ကလောမြို့နယ်ပြည်သူ့ဆေးရုံနှင့် သရက်ပုကျန်းမာရေးဌာနတို့အား ကြည့်ရှုစစ်ဆေးခြင်း။
- ၇-၄-၂၀၁၇
  - ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းက တည်ဆောက်လှူဒါန်းသော ဘော်ဆိုင်းတိုက်နယ်ဆေးရုံသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခြင်း။
  - ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်၊ နန့်ခုတ်စံပြကျေးရွာတွင်ကျင်းပသော 3MDG ရန်ပုံငွေဖြင့် UNOPS အဖွဲ့က တည်ဆောက်သည့် ရှမ်းပြည်နယ်အတွင်းရှိ ကျေးလက်ကျန်းမာရေးဌာန(၂)ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ(၁၅)ခု၊ စုစုပေါင်း(၁၇)ခုအား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ခြင်း။
- ၈-၄-၂၀၁၇
  - တောင်ကြီးမြို့ အေးသာယာဒေသန္တရကျန်းမာရေးဌာန၏ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုအခြေအနေများ၊ နေ့စဉ်ဆောင်ရွက်မှုလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးခြင်း။
  - ဟဲဟိုးတိုက်နယ်ကျန်းမာရေးဌာနရှိ အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံ၍ နေ့စဉ်လုပ်ငန်းဆောင်ရွက်မှုများအား ကြည့်ရှုစစ်ဆေးခြင်း။
  - ဟဲဟိုးတိုက်နယ်ဆေးရုံအား ကြည့်ရှုစစ်ဆေးခြင်း။
  - ကလောမြို့နယ်၊ နန်းပန်တက်ကျေးလက်ကျန်းမာရေးဌာနခွဲ၏လုပ်ငန်းဆောင်ရွက်မှုများအားကြည့်ရှုစစ်ဆေးခြင်း။
- ၁၉-၄-၂၀၁၇
  - အမေရိကန်နိုင်ငံ၊ ဝါရှင်တန်မြို့၊ Pan American Health Organization (PAHO) ၌ ကျင်းပသော ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ရေကောင်းရေသန့်ရရှိရေးအား လူတန်းစားအားလုံး လက်လှမ်းမီရရှိနိုင်ရေး ဝန်ကြီးအဆင့်ဆွေးနွေးပွဲသို့ တက်ရောက်ခြင်း။
- ၂၁-၄-၂၀၁၇
  - ကမ္ဘာ့ဘဏ်မှ ဦးဆောင်ကျင်းပသော လူတိုင်းလက်လှမ်းမီနိုင်သည့် သာတူညီမျှ ကျန်းမာရေးစောင့်ရှောက်မှုစနစ် (Universal Health Coverage) ရရှိနိုင်ရေးအတွက် ရန်ပုံငွေခွဲဝေချထားခြင်းဆိုင်ရာဖိုရမ် (Second Annual UHC Financing Forum, Greater Efficiency for Better Health and Financial Protection) သို့ တက်ရောက်ခြင်း။
- ၂၄-၄-၂၀၁၇
  - ကမ္ဘာ့ဘဏ်မှ ဦးဆောင်ကျင်းပသည့် Global Financing Facility Investors Group Meeting သို့ တက်ရောက်ခြင်း။
- ၂၅-၄-၂၀၁၇
  - တိုက်နယ်ဆရာဝန် မွမ်းမံသင်တန်း (၁/၂၀၁၇) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခြင်း။
- ၂၇-၄-၂၀၁၇
  - တိုင်းရင်းဆေးဝါးများမှတ်ပုံတင်ခြင်း၊ ထုတ်လုပ်ခြင်း၊ ထုတ်လုပ်ခွင့်လိုင်စင်လျှောက်ထားခြင်း၊ သက်တမ်းတိုးဆောင်ရွက်ခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ ရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက်ခြင်း။

- ၁-၅-၂၀၁၇
  - မြန်မာနိုင်ငံတွင် အရေးပေါ်ဆေးပညာကဏ္ဍတိုးတက်ရေးနှင့် ပြည်သူလူထုအား အရေးပေါ် ဆေးပညာရပ်ဖြင့် ပိုမိုစောင့်ရှောက်မှု ပေးနိုင်ရေးကိစ္စရပ်များအား အမေရိကန်နိုင်ငံ University of Maryland မှ Clinical Assistant Professor Dr. Terrence M. Mulligan, Board of Directors, American Academy of Emergency Medicine နှင့် Assistant Professor Dr. Rebecca Walker, Department of Emergency Medicine, Stanford University တို့နှင့်တွေ့ဆုံဆွေးနွေးခြင်း။
  - သူနာပြုတက္ကသိုလ်များတွင် တက်ရောက်ပညာသင်ကြားနေသော ကျောင်းသူ၊ ကျောင်းသား (၂၀)ဦးအား ပညာသင်ဆု ပေးအပ်ခြင်းနှင့် Zuellig Pharma and Pacific AA Group တို့ လုပ်ငန်းပူးပေါင်းဆောင်ရွက်ခြင်း စာချုပ်ချုပ်ဆိုသည့်အခမ်းအနားသို့ တက်ရောက်ခြင်း။
- ၃-၅-၂၀၁၇
  - External Assessment for Joint External Evaluation (JEE) in Myanmar ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခြင်း။
  - ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့အစည်းအဝေး(၁/၂၀၁၇)သို့တက်ရောက်ခြင်း။
- ၄-၅-၂၀၁၇
  - အမျိုးသားအဆင့် သူနာပြု၊သားဖွားနှီးနှောဖလှယ်ပွဲမှ ထွက်ပေါ်လာသည့် အကြံပြုချက်များအား ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်းသည့် ဒုတိယအကြိမ် ညှိနှိုင်းဆွေးနွေးပွဲသို့တက်ရောက်ခြင်း။
  - မြန်မာနိုင်ငံ၏ တီဘီရောဂါတိုက်ဖျက်ရေး လုပ်ငန်းများ ရှင်းလင်းဆွေးနွေးပွဲသို့တက်ရောက်ခြင်း။
- ၅-၅-၂၀၁၇
  - တိုင်းဒေသကြီး/ပြည်နယ်များရှိ ဆေးရုံ (၉၈) ရုံတွင် ဆေးရုံအခြေပြု ကာကွယ်ဆေးထိုးလုပ်ငန်းများ စတင်ဆောင်ရွက်ခြင်း ဗဟိုအဆင့်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခြင်း။
  - ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO ၊ ဌာနေကိုယ်စားလှယ် Mr. Stephen P. Jose နှင့်အဖွဲ့အား တွေ့ဆုံခြင်း။
  - UNFPA Myanmar မှ Country representative ဖြစ်သူ Ms. Janet E. Jackson နှင့် အဖွဲ့အားတွေ့ဆုံခြင်း။
- ၆-၅-၂၀၁၇
  - တစ်သက်တာ ကျန်းမာပျော်ရွှင်စွာ နေထိုင်နိုင်ရေးအတွက် လိုအပ်သော ဘဝနေထိုင်မှုပုံစံဆိုင်ရာ စာတမ်းဖတ်ပွဲ အခမ်းအနားသို့ တက်ရောက်ခြင်း။
- ၆-၅-၂၀၁၇
  - ဆေးတက္ကသိုလ်များတွင် သင်ကြားလျက်ရှိသော ဆေးပညာ သင်ရိုးညွှန်းတမ်းများအား နိုင်ငံတကာ အဆင့်မီ မြှင့်တင်ရေးညှိနှိုင်းအစည်းအဝေးသို့တက်ရောက်ခြင်း။
- ၇-၅-၂၀၁၇
  - ၂၀၁၇ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသားဖွားဆရာမများနေ့ အထိမ်းအမှတ်အခမ်းအနားသို့တက်ရောက်ခြင်း။
- ၈-၅-၂၀၁၇
  - ၂၀၁၇ ခုနှစ်၊ ကမ္ဘာ့ကြက်ခြေနီနေ့ World Red Cross Day 2017 အခမ်းအနားသို့တက်ရောက်ခြင်း။
  - မိသားစုကျန်းမာရေးစောင့်ရှောက်မှု ဆေးပညာနှီးနှောဖလှယ်ပွဲသို့တက်ရောက်ခြင်း။
- ၉-၅-၂၀၁၇
  - တိုက်နယ်ဆရာဝန်မွမ်းမံသင်တန်း (၁/၂၀၁၇) သင်တန်းဆင်းပွဲသို့တက်ရောက်ခြင်း။
  - အပြည်ပြည်ဆိုင်ရာကျန်းမာရေးပြဋ္ဌာန်းချက်နှင့်အညီ မြန်မာနိုင်ငံကဆောင်ရွက်ထားရှိမှု အခြေအနေအပေါ် Joint External Evaluation (JEE) လေ့လာဆန်းစစ်တွေ့ရှိချက်များအား တင်ပြဆွေးနွေးပွဲသို့တက်ရောက်ခြင်း။
- ၁၂-၅-၂၀၁၇
  - Hepatitis-C ကုသရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခြင်း။
  - China CDC အဖွဲ့နှင့်တွေ့ဆုံခြင်း။
  - Global Health Supply Chain နှင့် ပတ်သက်သည့် ဆွေးနွေးပွဲသို့တက်ရောက်ခြင်း။
- ၁၅-၅-၂၀၁၇
  - အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇- ၂၀၂၂) အား ဆောင်ရွက်မည့် နှစ်အလိုက် လုပ်ငန်းစီမံကိန်း (၂၀၁၇-၂၀၁၈) ရှင်းလင်းတင်ပြခြင်းအခမ်းအနားသို့ တက်ရောက်ခြင်း။
- ၁၆-၅- ၂၀၁၇
  - ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ (၂၀၁၈-၂၀၁၉) လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက်ခြင်း။
- ၁၇-၅-၂၀၁၇
  - ခုခံအားကျဆင်းမှုကူးစက်ရောဂါဆိုင်ရာ အမျိုးသားမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၀) စတင် မိတ်ဆက်ခြင်း အခမ်းအနားသို့ တက်ရောက်ခြင်း။

- ၁၈-၅-၂၀၁၇ - ဇီကာရောဂါနှင့်သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးနှင့်ကုသရေး စီမံဆောင်ရွက်မှုညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခြင်း။
- ၁၉-၅-၂၀၁၇ - ပုဂ္ဂလိက သူနာပြု/သားဖွား အတတ်ပညာသင်ကျောင်းများ ဖွင့်လှစ်ခွင့်ပြုနိုင်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခြင်း။
- ၂၀-၅-၂၀၁၇ - ရန်ကုန်မြို့ပေါ်ရှိ ဗဟိုအဆင့်ဆေးရုံကြီးများမှ ဆေးရုံအုပ်ကြီးများနှင့်တွေ့ဆုံ၍ ကုသရေးလုပ်ငန်းများ ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ခြင်း။
- ၂၁-၅-၂၀၁၇
  - မြန်မာနိုင်ငံဆရာဝန်အသင်း ဆေးရုံအုပ်ချုပ်မှုပညာအဖွဲ့မှ တာဝန်ရှိသူများအားတွေ့ဆုံခြင်း။
  - ဂျပန်နိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်အဖွဲ့တို့အား တွေ့ဆုံခြင်း။
  - မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဝါး ထုတ်လုပ်သူနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း(ယာယီ)တို့မှ တာဝန်ရှိသူများအား တွေ့ဆုံခြင်း။
  - Telemedicine နှင့် Emergency Tele-consultation System ထူထောင်နိုင်ရေးကိစ္စအား ဆေးသုတေသနဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့တို့မှတာဝန်ရှိသူများနှင့် IT ပညာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်တို့အား တွေ့ဆုံဆွေးနွေးခြင်း။
- ၁-၆-၂၀၁၇ - မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲနှင့် နှစ်ပတ်လည် အစည်းအဝေး အခမ်းအနားသို့တက်ရောက်ခြင်း။
- ၃-၆-၂၀၁၇ - ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ရှမ်းပြည်နယ် တောင်ပိုင်း၊ တောင်ကြီးမြို့ ခရီးစဉ်တွင် တောင်ကြီးမြို့နယ်၊ ခုတင်(၅၀၀)ဆံ့ စစ်စစ်ထွန်းဆေးရုံကြီး၊ သူနာပြုသင်တန်းကျောင်းနှင့် အားကစားနှင့် ကာယပညာသိပ္ပံတို့သို့ သွားရောက်ကြည့်ရှုခြင်း။
- ၆-၆-၂၀၁၇ - ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုသွက်လက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေး တိုင်းဒေသကြီး/ပြည်နယ်များမှ တာဝန်ရှိသူများနှင့် ဆွေးနွေးပွဲသို့ တက်ရောက်ခြင်း။
- ၇-၆-၂၀၁၇ - ဒေသဆိုင်ရာ ပိုလီယိုရောဂါ ပပျောက်ရေးဆရာဝန်များနှင့် အထူးရောဂါနှိမ်နင်းရေးဆရာဝန်များအတွက် ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးဆိုင်ရာ သင်တန်းဖွင့်ပွဲသို့ တက်ရောက်ခြင်း။
- ၈-၆-၂၀၁၇ - အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇-၂၀၂၁) နှစ်အလိုက်အကောင်အထည်ဖော်မည့် စီမံကိန်း(၂၀၁၇-၂၀၁၈) ဘဏ္ဍာနှစ် ဆောင်ရွက်မည့်အစီအစဉ်များ ရှင်းလင်းတင်ပြပွဲသို့ တက်ရောက်ခြင်း။
- ၉-၆-၂၀၁၇ - ဒေသဆိုင်ရာ ပိုလီယိုရောဂါပပျောက်ရေး ဆရာဝန်များနှင့် အထူးရောဂါနှိမ်နင်းရေး ဆရာဝန်များအား တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ခြင်း။
- ၁၀-၆-၂၀၁၇
  - အသည်းရောင်အသားဝါ (စီ) ရောဂါ ကုသမှုစတင်ခြင်း (Pilot Program) အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ခြင်း။
  - Medical Practitioners’ Relationship with Industry Seminar အခမ်းအနားသို့တက်ရောက်ခြင်း။
  - မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ဝင်သစ်များအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားသို့ တက်ရောက်ခြင်း။
- ၁၁-၆-၂၀၁၇
  - “C/Can 2025: City Cancer Challenge” အစီအစဉ်နှင့် ပူးပေါင်း၍ ရန်ကုန်မြို့တော်တွင် ကင်ဆာရောဂါ ကာကွယ်ရေး၊ ကုသရေးလုပ်ငန်းများကို နိုင်ငံတကာအဆင့်မီ ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ခြင်း။
  - ရန်ကုန်တိုင်းဒေသကြီး၊ ပြည်လမ်းရှိ Vantage Tower သို့သွားရောက်၍ MPRL E & P Group of Companies မှ ထူထောင်ထားသော Data Center သို့ သွားရောက်ကြည့်ရှုခြင်း။
  - ကျန်းမာရေးဝန်ထမ်းများ၏ လုပ်ငန်းခွင်လုံခြုံရေးအကာအကွယ်ပေးသည့် ဥပဒေတစ်ရပ် ပေါ်ထွန်းလာစေရေးနှင့် ရှေ့လုပ်ငန်းစဉ်များ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးသို့တက်ရောက်ခြင်း။

- ၁၁-၆-၂၀၁၇ - Japanese International Collaboration Agency (JICA)အဖွဲ့မှ တာဝန်ရှိသူများအားတွေ့ဆုံခြင်း။
- ၁၃-၆-၂၀၁၇ - ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့တွင် ဇွန်လ(၁၃)ရက်မှ(၁၅)ရက်နေ့အထိကျင်းပခဲ့သော ကမ္ဘာလုံးဆိုင်ရာ ကာကွယ်ဆေးပူးပေါင်းဆောင်ရွက်မှုဘုတ်အဖွဲ့အစည်းအဝေး(Gavi Alliance Board Meeting) သို့ တက်ရောက်ခြင်း။
- ၁၇-၆-၂၀၁၇ - အစ္စရေးနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဌာနဗျူရို ဥက္ကဋ္ဌနှင့် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ MASHAV ၏ ဒုတိယဥက္ကဋ္ဌ Mr. Yuval Fuchs အားတွေ့ဆုံခြင်း။
- ၁၈-၆-၂၀၁၇ - ၂၀၁၇ခုနှစ် ကမ္ဘာ့သွေးလှူရှင်များနေ့ အထိမ်းအမှတ်အခမ်းအနားသို့တက်ရောက်ခြင်း။
  - ဘွဲ့လွန်ဆေးရုံအုပ်ချုပ်မှုပညာ သင်ရိုးညွှန်းတမ်းများ၊ ဘွဲ့လွန်ပြည်သူ့ကျန်းမာရေးဆေးပညာ သင်ရိုးညွှန်းတမ်းများနှင့် ပတ်သက်သည့် ညှိနှိုင်းဆွေးနွေးပွဲသို့တက်ရောက်ခြင်း။
- ၁၉-၆-၂၀၁၇ - စတုတ္ထအကြိမ်ဘွဲ့လွန်ဆေးပညာသင်ကြားရေးနီးနှောဖလှယ်ပွဲသို့တက်ရောက်ခြင်း။
- ၂၁-၆-၂၀၁၇ - အမျိုးသားအဆင့် ခုခံကျ/ကာလသားရောဂါတားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးစီမံချက် နှစ်ပတ်လည်လုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲသို့တက်ရောက်ခြင်း။
- ၂၄-၆-၂၀၁၇ - မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၏ Training & Conference Centre ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခြင်း။
  - မန္တလေး ကုတင်(၃၀၀)ဆံ့ ကလေးဆေးရုံကြီးတွင် ကျောက်ကပ်အစားထိုးကုသမှု ခံယူထားသည့် ကလေးနှစ်ဦးအား သွားရောက်ကြည့်ရှု၍ အားပေးစကားပြောကြားခြင်း။
  - ပုသိမ်ကြီးမြို့နယ်၊ ဆင်ရွာကြီးကျေးရွာ ဘက်စုံကျန်းမာရေး သင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများ၊ ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂)၊ Field Epidemiology Training Programme (FETP) သင်တန်းသား/သူများနှင့် တွေ့ဆုံခြင်း။
  - မန္တလေးတိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝန်ထမ်းအိမ်ယာများနှင့် မန္တလေးခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံးတို့အား သွားရောက်ကြည့်ရှုခြင်း။
- ၂၅-၆-၂၀၁၇ - တီဘီရောဂါတိုက်ဖျက်ရေးဆိုင်ရာ နှစ်ပတ်လည်လုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲ (၂၀၁၆) သို့တက်ရောက်ခြင်း။
  - ပြင်ဦးလွင်မြို့၊ ကုတင်(၃၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးအား သွားရောက်ကြည့်ရှုခြင်း။
  - ပြင်ဦးလွင်ခရိုင်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံးသစ်အား သွားရောက်ကြည့်ရှုခြင်း။
- ၂၆-၆-၂၀၁၇ - ကျန်းမာရေးစောင့်ရှောက်မှုများ ယခုထက်ပိုမိုသွက်လက်ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနတို့ကို ဗဟိုအဆင့် ပြန်လည်ပူးပေါင်းရေး အကြံပေးအဖွဲ့ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခြင်း။
- ၂၇-၆-၂၀၁၇ - သြစတြေးလျနိုင်ငံမှ ပါလီမန်အမတ် Mrs.Nola Marino (Member for Forrest, Western Australia) နှင့် အဖွဲ့ဝင် ပါလီမန်အမတ်များအား တွေ့ဆုံခြင်း။
- ၂၇-၆-၂၀၁၇ - မိသားစုစီမံကိန်းအတွက် အရေပြားအောက်သို့ထိုးနိုင်သည့် သန္ဓေတားဆေး မိတ်ဆက်ခြင်း အခမ်းအနားသို့ တက်ရောက်ခြင်း။
- ၂၈-၆-၂၀၁၇ - ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ အဆောက်အဦသစ် ဖွင့်ပွဲသို့ တက်ရောက်ခြင်း။
- ၃၀-၆-၂၀၁၇ - ကမ္ဘာ့ငှက်ဖျားရောဂါတိုက်ဖျက်ရေးနေ့နှင့် အာဆီယံသွေးလွန်တုပ်ကွေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ခြင်း။

# အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇-၂၀၂၁) စတင်ဆောင်ရွက်မှု အသိပေးခြင်း အခမ်းအနားကျင်းပခြင်း

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မတ်လ (၃၁) ရက်နေ့တွင် နေပြည်တော်ရှိ MICC-2 ၌ ကျင်းပသော အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇-၂၀၂၁) စတင်ဆောင်ရွက်မှု အသိပေးခြင်းအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားခဲ့ရာ "ပြည်သူများ၏ ကျန်းမာရေးကောင်းမွန်ခြင်းသည် နိုင်ငံတစ်ခုအတွက် အကောင်းဆုံး လာဘ်လာဘဖြစ်ကြောင်း၊ သို့သော် လွယ်လွယ်နှင့်ရသော လာဘ်လာဘမျိုးမဟုတ်ဘဲ ဉာဏ်ပညာ၊ ဝီရိယတို့နှင့် ယှဉ်တွဲပြီး စနစ်တကျရယူသည့် ဆုလာဘ်မျိုးဖြစ်ကြောင်း၊ ယခု အမျိုးသားကျန်းမာရေးစီမံကိန်းသည် ပြည်သူကို အခြေပြုသည့် စီမံကိန်းမျိုးဖြစ်ပါကြောင်း၊ လူတိုင်း လက်လှမ်းမီသည့် ကျန်းမာရေးကို ဦးတည်ပါကြောင်း၊ ကျေးလက်တောရွာမှာနေသော ပြည်သူလူထု၏ ကျန်းမာရေးကို ဂရုစိုက်ရန်နှင့် ဦးစားပေးရန် ယခုစီမံကိန်းထဲတွင် ထည့်သွင်းရေးဆွဲထားပါကြောင်း၊ အခြားဝန်ကြီးဌာနများ၊ လွှတ်တော်၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများကလည်း ဝိုင်းဝန်းပြီး ကူညီပေးရန် လိုအပ်ပါကြောင်း၊ မိမိတို့ ပြည်သူပြည်သားများ ကျန်းမာရေးကောင်းရန်ဆိုသည်မှာ အားလုံးဝိုင်းဝန်းပြီးလုပ်ဆောင်သွားရမည့်ကိစ္စ ဖြစ်ပါကြောင်း၊ အမျိုးသားကျန်းမာရေးစီမံကိန်းသည် မိမိတို့ ပြည်သူပြည်သားများ၏ ကျန်းမာရေးအတွက်ဖြစ်သလို မိမိတို့နိုင်ငံ တည်ငြိမ်အေးချမ်းရေးအတွက်လည်း ဖြစ်ပါကြောင်း၊ပညာတတ်သည့်၊ ကျန်းမာသည့် ပြည်သူပြည်သားများသည် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်အတွက် အကောင်းဆုံး အာမခံချက်ပင်ဖြစ်ပါကြောင်း" ပြောကြားခဲ့ပါသည်။




အမျိုးသားကျန်းမာရေးစီမံကိန်း၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်များနှင့် လုပ်ငန်းစဉ်များကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးက ရှင်းလင်းတင်ပြပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇ - ၂၀၂၁) စတင်ဆောင်ရွက်ခြင်း အထိမ်းအမှတ်လက်ဆောင်ကို ပေးအပ်ခဲ့ပါသည်။ ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တာဝန်ရှိသူများသည် ပြည်သူ့အခြေပြု ကျန်းမာရေးစောင့်ရှောက်မှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြပါသည်။

အခမ်းအနားသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ လွှတ်တော်ရေးရာကော်မတီ ဥက္ကဋ္ဌများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် လူမှုရေးဝန်ကြီးများ၊ သံအမတ်ကြီးများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး အကြံပေးအဖွဲ့ဝင်များ၊ ပြည်သူ့ကျန်းမာရေး သင်ရိုးညွှန်းတမ်းများ ပြန်လည်စိစစ်သုံးသပ်ရေး အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ပါသည်။



## ငြိမ်းချမ်းရေး ဘောလုံးပြိုင်ပွဲကျင်းပခြင်း






ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစုပင်လုံ (ဒုတိယအကြိမ်အစည်းအဝေး)ကို ကြိုဆိုထောက်ခံခြင်း အထိမ်းအမှတ်အဖြစ် လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးအင်အားစုကိုယ်စားလှယ်များနှင့် အနုပညာရှင်များ ပါဝင်သော ငြိမ်းချမ်းရေး ဘောလုံးပြိုင်ပွဲကို မေလ(၂၄)ရက်နေ့တွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိ ဘောလုံးကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီးဒေါ်စုစုလွင်၊ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့တက်ရောက်ကြည့်ရှုအားပေးခဲ့ကြပါသည်။

ပြိုင်ပွဲတွင် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်မှ ငြိမ်းချမ်းရေးဘောလုံးပြိုင်ပွဲ ဖြစ်မြောက်အောင် ကူညီ ပံ့ပိုးပေးခဲ့ကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကာ ငြိမ်းချမ်းရေးဘောလုံးပြိုင်ပွဲအဖြစ် အမုန်းများရပ်အသင်းနှင့် ချစ်ကြပါ အသင်း၊ ထာဝရအသင်းနှင့် ငြိမ်းချမ်းရေးအသင်း၊ ကညာပျို အသင်းနှင့် ပျော်တော်ဆက်အသင်းတို့ ပါဝင် ယှဉ်ပြိုင် ကစားခဲ့ကြပါသည်။

## နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ရှမ်းပြည်နယ် တောင်ပိုင်း၊ တောင်ကြီးမြို့ခရီးစဉ်အတွင်း တောင်ကြီးမြို့၊ ခုတင်(၅၀၀)ဆံ့ စစ်စံထွန်းဆေးရုံကြီး၊ သူနာပြုသင်တန်းကျောင်းနှင့် အားကစားနှင့်ကာယပညာသိပ္ပံတို့သို့ သွားရောက်ကြည့်ရှုခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့ခရီးစဉ်၌ အတူလိုက်ပါလျက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ဇွန်လ (၃) ရက်နေ့တွင် တောင်ကြီးမြို့၊ ခုတင် (၅၀၀)ဆံ့ စစ်စံထွန်းဆေးရုံကြီးနှင့် သူနာပြုသင်တန်းကျောင်းတို့သို့ သွားရောက်ကြည့်ရှုခဲ့ပါသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်ဟန်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ(တောင်ကြီး)သို့ရောက်ရှိခဲ့ရာ ရှေးဦးစွာ ကျောင်းအုပ်ကြီးမှ ကျောင်း၏ဖွဲ့စည်းပုံ၊ အားကစားသမားများအား လေ့ကျင့်ပေးနေမှုများ၊ ပညာသင်ကြားနေမှုများနှင့် လိုအပ်ချက်များအား တင်ပြခဲ့ပါသည်။ ပြည်ထောင်စုဝန်ကြီးက ကျောင်းသား/သူများ၏ အားကစားအရည်အသွေး တိုးတက်မှုနှင့်အတူ ပညာအရည်အသွေး တိုးတက်မှုများ ပိုမိုရရှိစေရန် လမ်းညွှန်မှာကြားခဲ့ပြီး ဝန်ကြီးဌာန အနေဖြင့်လည်း လိုအပ်ချက်များကို ဦးစားပေးပံ့ပိုးပေးမည် ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အားကစားနှင့်ကာယပညာသိပ္ပံကျောင်းဝင်းအတွင်းရှိ ဆေးခန်း၊ စားရိပ်သာနှင့် လူနေဆောင်များအား လှည့်လည်ကြည့်ရှုခဲ့ပြီး လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ပါသည်။

## မဲခေါင်မြစ်ဝှမ်းဒေသနိုင်ငံများ၏ ငှက်ဖျားရောဂါကင်းစင်ရေး အဆင့်မြင့်အရာရှိကြီးများ ဒုတိယအကြိမ်အစည်းအဝေး ကျင်းပခြင်း



မဲခေါင်မြစ်ဝှမ်းဒေသနိုင်ငံများ၏ ငှက်ဖျားရောဂါ ကင်းစင်ရေးလုပ်ငန်းများဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ ဒုတိယအကြိမ်အစည်းအဝေး (Second RAI Intercountry High Level Meeting) ကို မတ်လ(၂) ရက်နေ့တွင် နေပြည်တော်ရှိ Hilton Hotel ၌ ကျင်းပခဲ့ပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အဖွင့်အမှာစကား ပြောကြားရာတွင် "ငှက်ဖျားရောဂါ ဖြစ်ပွားမှုနှင့် သေဆုံးမှုများသည် မဟာမဲခေါင်ဒေသကြီးအတွင်း၌ သိသာစွာ လျော့နည်းကျဆင်းနေပြီဖြစ်သော်လည်း ငှက်ဖျားပိုးများ၏ ဆေးယဉ်ပါးလာမှုနှင့် ငှက်ဖျားခြင်များ၏ ပိုးသတ်ဆေး ယဉ်ပါးလာမှု အခြေအနေများ၊ အုပ်စုလိုက် ရွှေ့ပြောင်းသွားလာမှုများ၊ ငှက်ဖျားဆေးဝါးအတုပေါ်ပေါက်လာမှုများ၊ ဝေးလံခက်ခဲသောဒေသများ၌ ဆေးကုသမှုလက်လှမ်းမမီမှုများကြောင့် ငှက်ဖျားရောဂါ ကာကွယ်ကုသရေးလုပ်ငန်းများကို ပိုမို၍ အရှိန်အဟုန်မြှင့်တင် လုပ်ဆောင်သွားရမည်ဖြစ်ပါကြောင်း၊ မဟာမဲခေါင်ဒေသကြီးအတွင်း ငှက်ဖျားရောဂါကင်းစင်ရေးကို နိုင်ငံတစ်ခုချင်းအနေဖြင့် ရရှိနိုင်သော်လည်း ရေရှည်တည်တံ့ရန် အလွန်ခက်ခဲပါကြောင်း၊ အားလုံး ပူးပေါင်း ဆောင်ရွက်ခြင်းအားဖြင့် မိမိတို့ရည်မှန်းချက်ဖြစ်သည့် သက္ကရာဇ် (၂၀၃၀) ခုနှစ်တွင် မဟာမဲခေါင်ဒေသကြီးအတွင်း ငှက်ဖျားရောဂါ လုံးဝကင်းစင်မည်ဖြစ်ပါကြောင်း" ပြောကြားခဲ့ပါသည်။

ယင်းနောက် Global Fund၊ ဂျပန်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့မှ တာဝန်ရှိသူများက အမှာစကားများပြောကြားခဲ့ကြပါသည်။ အစည်းအဝေးသို့ မဲခေါင်ဒေသတွင်း နိုင်ငံများဖြစ်သော မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နိုင်ငံတို့မှ အဆင့်မြင့်အရာရှိကြီးများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများ၊ ပြည်တွင်း/ပြည်ပ မိတ်ဖက်အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မဲခေါင်ဒေသတွင်း နိုင်ငံများ၏ ငှက်ဖျားရောဂါကင်းဝေးရေး (၂၀၁၈ - ၂၀၂၀) လုပ်ငန်းစဉ်များနှင့် ရန်ပုံငွေအတွက် ဆွေးနွေးခဲ့ကြပါသည်။

## အာရှပစိဖိတ်ဒေသဆိုင်ရာ အီလက်ထရောနစ်ကျန်းမာရေးသတင်းကွန်ယက်ညီလာခံကျင်းပခြင်း




ပဉ္စမအကြိမ် အာရှပစိဖိတ်ဒေသဆိုင်ရာ အီလက်ထရောနစ်ကျန်းမာရေးသတင်းကွန်ယက်ညီလာခံ (Digital Health Conference in the Asia-Pacific and 5th Asia eHealth Information Network - AeHIN General Meeting) ဖွင့်ပွဲ အခမ်းအနားကို မတ်လ(၈)ရက်နေ့တွင် နေပြည်တော်၊ Horizon Lake View Hotel ၌ကျင်းပခဲ့ပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်၍အဖွင့်အမှာစကား ပြောကြားခဲ့ရာတွင် "ကျန်းမာရေးသတင်းစနစ်ဆောင်ရွက်ရာ၌ ယခင်က Paper-base စနစ်ဖြင့်ဆောင်ရွက်ခဲ့ရာမှ ယခုအခါ တိုးတက်လာသော IT နည်းပညာကိုအသုံးပြု၍ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျန်းမာရေးသတင်းအချက်အလက်များ မှန်မှန်ကန်ကန်ရရှိမှသာ ဆုံးဖြတ်ချက်များ မှန်ကန်စွာချမှတ်နိုင်မည်ဖြစ်ပြီး ကောင်းမွန်ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှုစနစ်ဖြစ်လာမည် ဖြစ်ပါကြောင်း၊ ရရှိလာသည့် ကျန်းမာ ရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကို တန်ဖိုးရှိသည့် ကျန်းမာရေး သတင်းအချက်အလက်အဖြစ်သို့ ပြောင်းလဲနိုင်မှသာ လုပ်ငန်းများ ဆောင်ရွက်မှုကို အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးသတင်းစနစ်နှင့် အီလက်ထရောနစ်နည်းပညာအသုံးချ ကျန်းမာရေးကဏ္ဍ (eHealth) ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာရှ ပစိဖိတ်ဒေသနိုင်ငံများ ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားရန် တိုက်တွန်းပါကြောင်း" ပြောကြားခဲ့ပါသည်။ ယင်းနောက် သီရိလင်္ကာနိုင်ငံ ကျန်းမာရေးဝန်ကြီး၊ ဖိလစ်ပိုင်နိုင်ငံမှ ကျန်းမာရေးဝန်ကြီးဌာန အတွင်းဝန်နှင့် WHO, UNICEF, ADB တို့မှတာဝန်ရှိသူများက အမှာစကားများပြောကြားကြပါသည်။ ညီလာခံသို့ အာရှပစိဖိတ် ဒေသနိုင်ငံများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျန်းမာရေးသတင်းစနစ်နှင့် IT ပညာရှင်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ညီလာခံကို မတ်လ (၆)ရက်နေ့ မှ (၁၀)ရက်နေ့ အထိ ကျင်းပခဲ့ပါသည်။

## အမျိုးသားအဆင့်သူနာပြုနှင့်သားဖွားနီးနှောဖလှယ်ပွဲ၏ထောက်ခံအကြံပြုချက်များကိုတင်ပြဆွေးနွေးခြင်း





ကျန်းမာရေးလုပ်ငန်းအားအရင်းအမြစ်ဦးစီးဌာန၊ ကုသရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအတွင်းက ကျင်းပဆောင်ရွက်ခဲ့သည့် အမျိုးသားအဆင့်သူနာပြုနှင့် သားဖွားနီးနှောဖလှယ်ပွဲ၏ ထောက်ခံအကြံပြုချက်များကို ပြည်ထောင်စုဝန်ကြီးအား တင်ပြဆွေးနွေးသည့် အစည်းအဝေးကို နေပြည်တော်ရှိ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အမျိုးသားကျန်းမာရေးကော်မတီ အစည်းအဝေးခန်းမ၌ မတ်လ(၇)ရက်နေ့တွင် ကျင်းပခဲ့ပါသည်။ အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေး၊ အမြဲတမ်းအတွင်းဝန်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ သက်ဆိုင်ရာ ဦးစီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် သူနာပြုအရာရှိများ၊ စုစုပေါင်း (၂၄) ဦး တက်ရောက်ခဲ့ပြီး နီးနှောဖလှယ်ပွဲမှ ထောက်ခံအကြံပြုချက် (၇၆) ချက်ကို အခြေခံ၍ ဆက်လက်ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များကို ဝိသေသရည်မှန်းချက်များအလိုက် ကျန်းမာရေးလုပ်ငန်းအားအရင်းအမြစ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူး (သူနာပြု)က တင်ပြခဲ့ပြီး တက်ရောက်လာကြသူများက အကြံပြုတင်ပြ ဆွေးနွေးခဲ့ကြပါသည်။

## Packages of Essential NCDs (PEN) လုပ်ငန်းဆိုင်ရာဆရာဖြစ်သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပခြင်း



ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မကူးစက်နိုင်သောရောဂါများကာကွယ်နှိမ်နင်းရေးဌာနခွဲ၏ "Packages of Essential NCDs (PEN) လုပ်ငန်းဆိုင်ရာ ဆရာဖြစ်သင်တန်း (ပထမအကြိမ်)" ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်၊ ဇမ္ဗူသီရိဟိုတယ်၌ မတ်လ (၁၄)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အခမ်းအနားတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဝင်းက အဖွင့်အမှာစကားပြောကြားခဲ့ရာတွင် "အခြေခံ ကျန်းမာရေးဝန်ထမ်းများက မကူးစက်နိုင်သောရောဂါများနှင့် ပတ်သက်၍ ပြည်သူလူထုအား ထိရောက်သော ကျန်းမာရေးပညာပေးမှုများ လုပ်ဆောင်တတ်စေရန်နှင့် ပြည်သူလူထုအတွင်း ဆီးချို၊ သွေးတိုးနှင့် ကင်ဆာရောဂါများ အစရှိသော အဓိက မကူးစက်နိုင်သော ရောဂါများအား စနစ်တကျ ရောဂါရှာဖွေစစ်ဆေးကုသမှုများ လုပ်ဆောင်နိုင်စေရေးအတွက် သင်တန်းသို့ တက်ရောက်လာသော သင်တန်းဆရာများမှတဆင့် သက်ဆိုင်ရာမြို့နယ်များတွင် အခြေခံကျန်းမာရေးဝန်ထမ်းများအား သင်တန်းများ ပြန်လည်ပို့ချပေးနိုင်ရန် ရည်ရွယ်၍ ယခုသင်တန်းကို ပြုလုပ်ရခြင်းဖြစ်ကြောင်း" ပြောကြားခဲ့ပါသည်။

အဆိုပါ အခမ်းအနားသို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ဆေးတက္ကသိုလ် (၂) နှင့် ပြည်သူ့ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်)တို့မှ သင်တန်းဆရာများ၊ တိုင်းဒေသကြီး/ ပြည်နယ်နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများ မှသင်ကြားရေးအဖွဲ့ဝင်များ၊ Help Age International အဖွဲ့မှ တာဝန်ရှိသူများနှင့် အခြားဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါသင်တန်းအား မတ်လ (၁၄) ရက်နေ့မှ (၁၆)ရက်နေ့အထိ ကျင်းပခဲ့ပါသည်။

## ထူးချွန်အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းကျန်းမာရေးလုပ်သားများ လေ့လာရေးခရီးသွားရောက်ခြင်း




ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ (၂၀၁၇) ခုနှစ်၊ ထူးချွန်အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် ထူးချွန်စေတနာ့ဝန်ထမ်းကျန်းမာရေးလုပ်သားများ လေ့လာရေးခရီးစဉ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ အပ်နှင်းခြင်း အခမ်းအနားအား မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ပြည်နယ်ခန်းမ၌ မတ်လ(၂၁) ရက်နေ့တွင် ကျင်းပခဲ့ရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် မွန်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာအေးဇံတို့ တက်ရောက်အမှာစကားပြောကြားခဲ့ပါသည်။ ရှေးဦးစွာ မွန်ပြည်နယ်ဝန်ကြီးချုပ်က "ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ပူးပေါင်းပါဝင်ခဲ့သော ထူးချွန်အခြေခံကျန်းမာရေးဝန်ထမ်းနှင့် ထူးချွန်စေတနာ့ဝန်ထမ်း ကျန်းမာရေးလုပ်သားများကို မွန်ပြည်နယ်ရှိ ရေမြေ၊ တောတောင်သဘာဝ အလှများ၊ ယဉ်ကျေးမှု အနုပညာ လက်ရာများ၊ ဘုရားပုထိုးစေတီများရှိသောဒေသသို့ လာရောက်သော လေ့လာရေးခရီးကို လှိုက်လဲစွာ ကြိုဆိုပါကြောင်း" ပြောကြားခဲ့ပါသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက "ကျေးလက်နေ ပြည်သူများအတွက် ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲများက ကျန်းမာရေးစောင့်ရှောက်မှုများ ပေးလျက်ရှိပါကြောင်း၊ အခြေခံကျန်းမာရေးဝန်ထမ်းများမှ ပြည်သူလူထုအား ကျန်းမာရေးအသိပညာမြှင့်တင်ပေးခြင်းဖြင့် ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်းလည်း တိုးတက်မြင့်မားလာမည် ဖြစ်ကြောင်း၊ အခြေခံကျန်းမာရေးဝန်ထမ်းများ၏ အရည်အသွေးများကို တိုးတက်စေရန်အတွက် လက်စွဲစာအုပ်များကို ဖြန့်ဝေသွားရန် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သားဖွားဆရာမများ၏ အရည်အသွေး မြင့်မားလာစေရန် သင်တန်းကျောင်းများတွင် သင်ရိုးညွှန်းတမ်းများကို ရေးဆွဲပြီးဖြစ်ပါကြောင်း" ပြောကြားခဲ့ပါသည်။

တိုင်းဒေသကြီး/ပြည်နယ်များမှ ထူးချွန်အခြေခံကျန်းမာရေးဝန်ထမ်းနှင့် စေတနာ့ဝန်ထမ်း ကျန်းမာရေးလုပ်သား (၂၀၂) ဦး သည် မွန်ပြည်နယ်အတွင်း မတ်လ (၂၀) ရက်နေ့မှ (၂၅) ရက်နေ့အထိ လေ့လာရေးခရီးများ သွားရောက်ခဲ့ကြပါသည်။

## မြန်မာနိုင်ငံလူနေမှုဘဝနှင့်ကျန်းမာရေးဆိုင်ရာစစ်တမ်း ပင်မအစီရင်ခံစာ ထုတ်ပြန်ဆွေးနွေးပွဲကျင်းပခြင်း




မြန်မာနိုင်ငံ လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက်စစ်တမ်း (၂၀၁၅-၂၀၁၆) ပင်မအစီရင်ခံစာ ထုတ်ပြန်ဆွေးနွေးပွဲကို မတ်လ(၂၃) ရက်နေ့တွင် နေပြည်တော်ရှိ Horizon Lake View Hotel ၌ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်အမှာစကားပြောကြားခဲ့ရာတွင် "တိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ ကုသရေးဦးစီးဌာနမှူးများအနေဖြင့် ယခု စစ်တမ်းပင်မအစီရင်ခံစာကိုအသုံးပြု၍ မူဝါဒများ၊ စီမံချက်များရေးဆွဲ ဆောင်ရွက်ကြစေလိုကြောင်း၊ မြန်မာနိုင်ငံ၏ လူနေမှုဘဝနှင့်ကျန်းမာရေးဆိုင်ရာ အချက်အလက်များပါဝင်သည့်အတွက် လက်ရှိ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၏ အကျိုးသက်ရောက်မှုနှင့် ရလဒ်များကို ထင်ဟပ်စေပြီး များစွာအသုံးဝင်သည့် အစီရင်ခံစာတစ်စောင်လည်းဖြစ်ပါကြောင်း" ပြောကြားခဲ့ပါသည်။

အဆိုပါစစ်တမ်းကို ကောက်ယူရာ၌ USAID နှင့် 3MDGs အဖွဲ့တို့မှ ရန်ပုံငွေအကူအညီနှင့် ICF International မှ နည်းပညာအကူအညီများ ရယူဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ ဆွေးနွေးပွဲသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများနှင့် ကုသရေးဦးစီးဌာနမှူးများ၊ နီးနွယ်ဝန်ကြီးဌာနများ၊ ပြည်တွင်း/ ပြည်ပလူမှုရေး အဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့ အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

## ဆေးရုံစီမံခန့်ခွဲမှုသင်တန်း (၁/၂၀၁၇) ကျင်းပပြုလုပ်ခြင်း






ပုဂ္ဂလိကကျန်းမာရေးစောင့်ရှောက်မှုပေးနေသော ဆေးရုံများ၏ ဆေးရုံစီမံခန့်ခွဲရေးနှင့် လူ့စွမ်းအားစုအရင်းအမြစ်စီမံခန့်ခွဲရေးအတွက် ခေါင်းဆောင်မှုအရည်အသွေး တိုးတက်မြင့်မားလာစေရန်၊ ပြည်သူ့ဆေးရုံများရှိ ဆေးရုံစီမံခန့်ခွဲသူများ၏ စီမံခန့်ခွဲမှု အရည်အသွေးများ မြင့်တက်လာစေရန်နှင့် အစိုးရနှင့် ပုဂ္ဂလိက ကျန်းမာရေးကဏ္ဍ (၂)ခုအကြားပူးပေါင်းဆောင်ရွက်မှုပိုမိုအားကောင်းလာစေရန်အတွက် ရည်ရွယ်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ၊ ပုဂ္ဂလိကဆေးရုံများအသင်းတို့ ပူးပေါင်း၍ ဆေးရုံစီမံခန့်ခွဲမှုသင်တန်း(၁/၂၀၁၇)ကို နေပြည်တော်၊ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းဆေးရုံ၌ မတ်လ (၁၄) ရက်နေ့မှ စတင်၍ တစ်ပတ်ကြာ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း(၃၄)ဦး တို့အား သင်တန်းပို့ချခဲ့ပါသည်။

## (၂၀၁၇) ခုနှစ်၊ ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အခမ်းအနားကျင်းပခြင်း

(၂၀၁၇)ခုနှစ်၊ ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို မတ်လ(၂၄) ရက်နေ့တွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပရာ အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းက တက်ရောက်အမှာစကားပြောကြားခဲ့ရာတွင် “တီဘီရောဂါသည် ကမ္ဘာပေါ်၌ ပြည်သူ့ကျန်းမာရေးပြဿနာအဖြစ် တည်ရှိနေဆဲဖြစ်ပြီး ကမ္ဘာ့လူဦးရေ၏ သုံးပုံတစ်ပုံမှာ တီဘီပိုးကူးစက်ခံထားရပါကြောင်း၊ နှစ်စဉ်ကမ္ဘာပေါ်တွင် တီဘီလူနာ (၁၀.၄)သန်းခန့် ဖြစ်ပွားပြီး (၁.၈)သန်းခန့် သေဆုံးလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း တီဘီ၊တီဘီ+အိပ်ချ်အိုင်ဗွီနှင့် ဆေးယဉ်ပါးတီဘီရောဂါများသည် ပြည်သူ့ကျန်းမာရေးပြဿနာအဖြစ်တည်ရှိဆဲဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် (၂၀၁၆) ခုနှစ်၏ နှစ်ချုပ် အစီရင်ခံစာအရ စုစုပေါင်းတီဘီလူနာ တစ်သိန်းလေးသောင်းခန့်ကို ရှာဖွေကုသပေးနိုင်ခဲ့ပါကြောင်း၊ စစ်တမ်းအရ တီဘီလူနာသစ်များ၏ (၅%)၌ ဆေးယဉ်ပါးတီဘီ ဖြစ်ပွားလျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ ကမ္ဘာ့တီဘီရည်မှန်းချက်(၂၀၃၅)ကို ပြည့်မီနိုင်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကထုတ်ပြန်ထားသော End TB Strategy ကို အခြေခံ၍ အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေး (၅)နှစ် စီမံကိန်း National Strategic Plan (2016-2020) ကိုရေးဆွဲ၍ အကောင်



အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆေးယဉ်ပါး တီဘီရောဂါရှာဖွေခြင်းကို လူနာများ လက်လှမ်းမီစေရန် ရန်ကုန်၊ မန္တလေးနှင့် တောင်ကြီးမြို့များတွင် ဇီဝလုံခြုံမှု အဆင့်(၃)ရှိ တီဘီ ဓာတ်ခွဲခန်းများဖြင့် ဆောင်ရွက်လျက်ရှိပြီး မော်လမြိုင်မြို့၌ တိုးချဲ့ ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိပါကြောင်း” ပြောကြားခဲ့ပါသည်။

(၂၀၁၇) ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်မှာ "Unite to End TB" "တီဘီ ရောဂါကင်းဝေးဖို့ အားလုံးပူးပေါင်းဆောင်ရွက်စို့" ဖြစ်ပါသည်။

## သွေးစုဆောင်းမှုလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိခြင်း



အမျိုးသားသွေးဌာနအနေဖြင့် သွေးသွင်းကုသရန် လိုအပ်သော လူနာများအတွက် အန္တရာယ်ကင်း၍ စိတ်ချရသော သွေးကောင်း သွေးသန့်များ လုံလောက်စွာ အမြဲမပြတ် ရရှိစေရေးအတွက် စေတနာ သွေးလှူရှင်များ၏ပါဝင်မှုဖြင့် သွေးလှူဒါန်းပွဲများကို လစဉ်စီစဉ် ကျင်းပ၍သွေးစုဆောင်းမှုလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက် လျက်ရှိရာ ၂၀၁၇ ခုနှစ်၊ မတ်လအတွင်း အမျိုးသားသွေးဌာနသို့ တစ်ဦးချင်း လာရောက်လှူဒါန်းမှုများမှ သွေးယူနစ်ပေါင်း (၄၀၅၂) ရရှိခဲ့ပါသည်။

ထို့အပြင် အဖွဲ့လိုက် စုပေါင်း သွေးလှူဒါန်းမှု (၁၅) ကြိမ် ကျင်းပနိုင်ခဲ့ကာ အဆိုပါ သွေးလှူဒါန်းပွဲများမှ သွေးယူနစ်ပေါင်း (၂၉၃၀) စုဆောင်းရရှိနိုင်ခဲ့ပါသဖြင့် လူနာများ၏ သွေးသွင်းကုသမှု လိုအပ်ချက်အတွက် လုံလောက်သော သွေးယူနစ်ကို ရရှိစုဆောင်းနိုင် ခဲ့ပါသည်။

အမျိုးသားသွေးဌာနအနေဖြင့် စေတနာသွေးလှူရှင်အဖွဲ့ များနှင့်ပူးပေါင်းကာ သွေးလှူပွဲများ လစဉ်ကျင်းပဆောင်ရွက်လျက် ရှိသကဲ့သို့ www.donatebloodmyanmar.org Website တွင် သွေးလိုအပ်မှုအခြေအနေများ၊ သွေးလှူရှင်များအတွက် အခြေခံ ဗဟုသုတအချက်အလက်များ၊ သွေးလှူဒါန်းနိုင်ရန်အတွက် Online booking စနစ်များ ထည့်သွင်းဖော်ပြထားသဖြင့် အမျိုးသားသွေး ဌာနနှင့်ချိတ်ဆက်၍ သွေးလှူဒါန်းမှုများ ပိုမိုအဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ပြီ ဖြစ်ပါသည်။

## သဃၤန်းကျွန်းစံပြဆေးရုံကြီးတွင် ပထမအကြိမ် ကျောက်ကပ်အစားထိုးခွဲစိတ်မှုအား အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ခြင်း



ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ကုတင် (၅၀၀) ဆံ့ သဃၤန်းကျွန်းစံပြဆေးရုံကြီးတွင် ကိုရီးယားနိုင်ငံမှ ပါမောက္ခ Curie Ahn ဦးဆောင်သည့် အဖွဲ့နှင့် ဆေးတက္ကသိုလ် (၂) မှ ပါမောက္ခ/ဌာနမှူး ဒေါက်တာ ဘုန်းမြင့် (ဆီးနှင့်ကျောက်ကပ်ခွဲစိတ်) ဦးဆောင်သော ခွဲစိတ်ဆရာဝန်အဖွဲ့တို့ ပူးပေါင်း၍ ပထမအကြိမ် ကျောက်ကပ်အစားထိုးခွဲစိတ်မှုအား အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ ပါသည်။

အဆိုပါခွဲစိတ်မှုတွင် ဂုဏ်ထူးဆောင် ပါမောက္ခ ဒေါက်တာ ကြည်ကြည်စန်း (မေ့ဆေး)၊ တွဲဖက်ပါမောက္ခ ဒေါက်တာဆွေဆွေဝင်း (မေ့ဆေး)နှင့် အထူးကုဆရာဝန်ကြီး ဒေါက်တာခင်ပြုံးရီ (မေ့ဆေး)တို့ ဦးဆောင်သောအဖွဲ့က တာဝန်ယူ ဆောင်ရွက်ခဲ့ပါသည်။

ကျောက်ကပ်အစားထိုးခွဲစိတ်လူနာအား မခွဲစိတ်မီနှင့် ခွဲစိတ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုများကို ဂုဏ်ထူးဆောင် ပါမောက္ခ ဒေါက်တာ ခင်မောင်ဌေး၊ ပါမောက္ခဒေါက်တာ ခင်သီတာသွင် (ဆီးနှင့်ကျောက်ကပ် ဆေးကု)နှင့် တွဲဖက်ပါမောက္ခဒေါက်တာသူဇာသင်း (ဆီးနှင့် ကျောက်ကပ် ဆေးကု) ဦးဆောင်သောအဖွဲ့က တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။

ကျောက်ကပ်အစားထိုးခွဲစိတ်မှုအား ဖေဖော်ဝါရီလ (၂၂) ရက် နေ့တွင် ဆောင်ရွက်ခဲ့ပြီး ကျောက်ကပ်အလှူရှင်သည် မတ်လ(၁)ရက် နေ့တွင်လည်းကောင်း၊ ကျောက်ကပ်အစားထိုး ခွဲစိတ်လူနာသည် မတ်လ(၁၉)ရက်နေ့ တွင်လည်းကောင်း ကျန်းမာရေးကောင်းမွန်သဖြင့် ဆေးရုံဆင်းခွင့်ရရှိခဲ့ကာ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ဆက်လက်ဆောင်ရွက်ပေးခဲ့ပါသည်။

## ဘက်စုံသားဖွားဒီပလိုမာ သင်ရိုးညွှန်းတမ်း ပြန်လည်သုံးသပ်ရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း




ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနနှင့် Jhpiego, 3MDG တို့ ပူးပေါင်းဆောင်ရွက်သော "Workshop on Review and Revision of Midwifery Diploma Curriculum (4)" အလုပ်ရုံဆွေးနွေးပွဲကို ဧပြီလ (၃)ရက်နေ့မှ (၆)ရက်နေ့အထိ နေပြည်တော်၊ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပခဲ့ပြီး ဖွင့်ပွဲတွင် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်တင်လေးက အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ကုသရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှတာဝန်ရှိပုဂ္ဂိုလ်များ၊ Jhpiego မှ တာဝန်ရှိသူများ၊ မိခင်နှင့်မျိုးဆက်ပွားကျန်းမာရေး အကြံပေးပုဂ္ဂိုလ်၊ မြန်မာနိုင်ငံဆရာဝန်များအသင်း (သားဖွား/မီးယပ် ပညာရှင်များအဖွဲ့) ဥက္ကဋ္ဌ၊ ဆေးတက္ကသိုလ်အသီးသီးမှ သားဖွားမီးယပ်ပညာရှင်များ၊ ဗဟိုအမျိုးသမီးဆေးရုံကြီး (ရန်ကုန်)နှင့် ကလေးဆေးရုံကြီး(ရန်ကုန်)တို့မှ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုတက္ကသိုလ် (ရန်ကုန်/မန္တလေး)မှ သင်ကြားရေးဆရာများနှင့် တိုင်းဒေသကြီး/ပြည်နယ်၊ သူနာပြု/သားဖွားသင်တန်းကျောင်းများမှ ကျောင်းအုပ်/နည်းပြ (၄၄)ဦးတို့ တက်ရောက်ခဲ့ပြီး ဘက်စုံသားဖွားဒီပလိုမာ သင်ရိုးညွှန်းတမ်းကို ခေတ်နှင့်အညီ နိုင်ငံတကာနှင့် လိုက်လျောညီထွေစွာ မိမိနိုင်ငံ၏ လိုအပ်ချက်များနှင့် ကိုက်ညီသော သင်ရိုးညွှန်းတမ်းဖြစ်စေရေးအတွက် စတုတ္ထအကြိမ်မြောက် ညှိနှိုင်းရေးဆွဲခဲ့ကြပါသည်။

## မွေးကင်းစနှင့်ကလေးသူငယ်ရှင်သန်ရေးဖိုရမ်ကျင်းပခြင်း

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကလေးကျန်းမာရေးဖွံ့ဖြိုးရေးဌာနခွဲမှ မွေးကင်းစနှင့်ကလေးသူငယ် ရှင်သန်ရေးဖိုရမ် (Newborn and Child Survival Forum) ကို နေပြည်တော်ရှိ Grand Amara Hotel တွင် ဧပြီလ (၅)ရက်နေ့မှ (၆)ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ရာ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ခေတ္တညွှန်ကြားရေးမှူးချုပ်၊ဒေါက်တာသန်းဝင်းက အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

အစည်းအဝေးတွင် အမျိုးသမီး၊ကလေးနှင့် ဆယ်ကျော်သက်ကျန်းမာရေးဆိုင်ရာ နည်းဗျူဟာများနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်ပါ မွေးကင်းစနှင့်ကလေး ကျန်းမာရေးနှင့် သက်ဆိုင်သော ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်နိုင်ရေးအတွက် ဦးစားပေးလုပ်ဆောင်ရမည့်လုပ်ငန်းရပ်များ၊ ပြည်သူလူထုအခြေပြု မွေးကင်းစနှင့်ကလေးကျန်းမာရေးစောင့်ရှောက်ရေးလုပ်ငန်းများ၊ အာဟာရထောက်ပံ့ရေးလုပ်ငန်းများ၊ မွေးကင်းစကလေး ပြုစုစောင့်ရှောက်ခြင်း၊ကလေးသေဆုံးမှုစောင့်ကြည့်လေ့လာခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်း အကောင်ထည်ဖော်ရန် နည်းလမ်းများနှင့် ဆက်လက်ဆောင်ရွက်ရန်လျာထားမှုများအား ရှင်းလင်းတင်ပြခြင်း၊ ဝိုင်းဝန်းဆွေးနွေးအကြံပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပါသည်။




အဆိုပါအစည်းအဝေးသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ပြည်နယ်နှင့် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများ၊ ပြည်တွင်း/ပြည်ပလူမှုရေးအဖွဲ့အစည်းများ၊မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။

## အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ ဟန်ချက်ညီပူးပေါင်းဆောင်ရွက်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း



အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ အစားအသောက်ဌာနခွဲမှ ဧပြီလ (၆)ရက်နေ့မှ (၇)ရက်နေ့အထိ "အစားအသောက်ဘေးအန္တရာယ် ကင်းရှင်းရေးလုပ်ငန်းများ ဟန်ချက်ညီပူးပေါင်းဆောင်ရွက်နိုင်ရေး" အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်ရှိ The Lake Garden Hotel ၌ ကျင်းပခဲ့ပါသည်။ ဆွေးနွေးပွဲတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးမှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဆက်လက် ၍ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွဋ်နှင့် ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ ဥက္ကဌ ဦးရန်လင်းတို့မှ အမှာစကားပြောကြားခဲ့ကာ အစားအသောက်ဌာနခွဲ၊ ညွှန်ကြားရေးမှူး ဒေါက်တာထွန်းဇော်မှ ဆောင်ရွက်လျက်ရှိသော အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

အလုပ်ရုံဆွေးနွေးပွဲဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ၏ အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေး အဆင့်အတန်းမြင့်မားလာစေရန်၊ ပြည်ပမှ တရားမဝင်အစားအသောက်များ ဝင်ရောက်မှုကို ထိရောက်စွာ ထိန်းချုပ်နိုင်မည့် နည်းလမ်းများ ရှာဖွေနိုင်ရန်နှင့် အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေး တာဝန်ယူဆောင်ရွက်နေသော လုပ်ငန်းဆိုင်ရာ၊ ဌာနဆိုင်ရာများ အချင်းချင်း ပိုမိုပူးပေါင်းချိတ်ဆက်ဆောင်ရွက်နိုင်ရန်တို့ဖြစ်ပါသည်။ ဆွေးနွေးပွဲသို့ နီးနွယ် မိတ်ဖက်ဌာနများနှင့် အဖွဲ့အစည်းများ၊ ဦးစီးဌာနမှ ကိုယ်စားလှယ်များ၊ စုစုပေါင်း (၁၃၇)ဦး တက်ရောက်ခဲ့ ကြပါသည်။

## တိုင်းရင်းဆေးပညာဦးစီးဌာနမှသင်တန်းများဖွင့်လှစ်ပို့ချခြင်း

တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့် မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မြို့နယ်တိုင်းရင်းဆေးမှူး၊ များ၊ ဒုတိယတိုင်းရင်းဆေးမှူးများနှင့် လ/ထတိုင်းရင်းဆေးမှူးများအား သင်တန်းများ ပို့ချပေးလျက်ရှိပါသည်။ အကြောပညာသင်တန်း (၁/၂၀၁၇)ကို (၂၁-၂-၂၀၁၇) ရက်နေ့မှ (၇-၃-၂၀၁၇)ရက်နေ့အထိ ခုတင် (၁၀၀)ဆံ့ တိုင်းရင်းဆေးရုံ၊ မန္တလေးတွင် စုစုပေါင်း (၂၄)ဦးအားလည်းကောင်း၊ ဒေသနာနယသင်တန်း (၁/၂၀၁၇) ကို (၂၁-၂-၂၀၁၇) ရက်နေ့မှ (၂၂-၃-၂၀၁၇) ရက်နေ့ အထိ ခုတင် (၅၀) ဆံ့ တိုင်းရင်းဆေးရုံ၊ မြစ်ကြီးနားတွင် စုစုပေါင်း (၃၁)ဦးအားလည်းကောင်း၊ ဒေသနာနယသင်တန်းနှင့် အကြောပညာသင်တန်း (၁/၂၀၁၇) ကို (၆-၃-၂၀၁၇) ရက်နေ့မှ (၆-၄-၂၀၁၇)ရက်နေ့အထိ ခုတင် (၁၀၀) ဆံ့ တိုင်းရင်းဆေးရုံ၊ ရန်ကုန်တွင် သင်တန်းသား၊ သင်တန်းသူဦးရေ စုစုပေါင်း (၂၄)ဦးအားလည်းကောင်း သင်တန်းများပို့ချပေးခဲ့ပါသည်။




သင်တန်းဆင်းပွဲ အခမ်းအနားများသို့ တိုင်းရင်းဆေးပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရီရီမြင့် တက်ရောက်၍ အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များချီးမြှင့်ခဲ့ပါသည်။

## တိုက်နယ်ဆရာဝန်မွမ်းမံသင်တန်း (၁/၂၀၁၇) ကျင်းပပြုလုပ်ခြင်း

တိုက်နယ်ဆရာဝန် မွမ်းမံသင်တန်း (၁/၂၀၁၇) သင်တန်း ဖွင့်ပွဲ အခမ်းအနားကို ဧပြီလ (၂၄)ရက်နေ့တွင် ကုသရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာမြင့်ဟန် တက်ရောက်အမှာစကားပြောကြားရာတွင် “တိုက်နယ်ဆရာဝန် မွမ်းမံသင်တန်း (၁/၂၀၁၇) ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်မှာ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးများနှင့် ဆေးရုံစီမံခန့်ခွဲမှု အရည်အသွေးများ တိုးတက်မြင့်မားလာစေရန်၊ လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုစွမ်းရည်များနှင့် ခေါင်းဆောင်မှု အရည်အသွေးများ တိုးတက်မြင့်မားလာစေရန်၊ ပြည်သူလူထုအား ထိတွေ့ဆက်ဆံမှု အရည်အသွေးများ ပိုမိုကောင်းမွန်လာစေရန်နှင့် မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင့်မြင့်တင်ရန်အတွက် ရည်ရွယ်၍ ယခုသင်တန်းကို ဖွင့်လှစ်ရခြင်း ဖြစ်ကြောင်း”ပြောကြားခဲ့ပါသည်။

အဆိုပါ သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ သင်တန်းဆရာ၊ ဆရာမများနှင့် သင်တန်းသား/သူ(၄၅)ဦးတို့ တက်ရောက်ခဲ့ကြပြီး သင်တန်းအား ဧပြီလ (၂၅) ရက်နေ့မှ မေလ (၈)ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပါသည်။



## တိုင်းရင်းဆေးဝါးများမှတ်ပုံတင်ထုတ်လုပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲကျင်းပခြင်း

တိုင်းရင်းဆေးဝါးများ မှတ်ပုံတင်ခြင်း၊ ထုတ်လုပ်ခြင်း၊ ထုတ်လုပ်ခွင့်လိုင်စင် လျှောက်ထားခြင်း၊ သက်တမ်းတိုး ဆောင်ရွက်ခြင်း ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ ရှင်းလင်းဆွေးနွေးပွဲကို ဧပြီလ (၂၇)ရက်နေ့တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးကအမှာစကားပြောကြားခဲ့ရာတွင် “တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းများသည် တိုင်းပြည်၏ စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုနှင့် ဆက်စပ်နေကြောင်း၊ လက်တွေ့ကျသည့် တိုင်းရင်းဆေး သုတေသနများကို ယခုထက်ပိုမို ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ သုတေသနမရှိဘဲ တိုင်းရင်းဆေးလောကဖွံ့ဖြိုးတိုးတက်လာမည် မဟုတ်သဖြင့် တိုင်းရင်းဆေးဝါးလုပ်ငန်းရှင်များမှ ပံ့ပိုးပေးရန်နှင့် တိုင်းရင်းဆေးသမားတော်များနှင့် တိုင်းရင်းဆေးဝါးလုပ်ငန်းရှင်များမှ တိုင်းရင်းဆေးများ ထုတ်လုပ်ရာတွင် တိုင်းရင်းဆေးဝါးဆိုင်ရာ တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့် ကြော်ငြာစာများနှင့်အညီ လိုက်နာဆောင်ရွက်ကြရန်ဖြစ်ကြောင်း” ပြောကြားခဲ့ပါသည်။

ငင်းနောက် တိုင်းရင်းဆေးပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရီရီမြင့်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးခဲ့ကြပါသည်။



အခမ်းအနားသို့ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်သူ့လွှတ်တော်၊ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင် ဦးမြင့်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး/ ပြည်နယ်နှင့် ခရိုင် တိုင်းရင်းဆေးဦးစီးမှူးများ၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှတာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းရင်း ဆေးပညာရှင်ကြီးများနှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်သူများတက်ရောက်ပါဝင်ဆွေးနွေးခဲ့ကြပါသည်။

## ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့အစည်းအဝေးကျင်းပခြင်း



ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့အစည်းအဝေး (၁/၂၀၁၇)အား နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ မေလ(၃) ရက်နေ့တွင် ကျင်းပခဲ့ရာ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အမှာစကားပြောကြားခဲ့ရာတွင် "ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် အစိုးရနှင့် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများ ပူးပေါင်းလက်တွဲဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တာဝန်ခံမှုရှိပြီး ကျင့်ဝတ်နှင့်ညီ၍ အရည်အသွေး မြင့်မားသော ပုဂ္ဂလိကကျန်းမာရေး လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန် မိမိတို့ဝန်ကြီးဌာနက အထူးအလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု Public Private Partnership (PPP) ဖွံ့ဖြိုးလာစေရေး၊ ပုဂ္ဂလိကဆေးရုံများမှ ကျန်းမာရေးသတင်းအချက်အလက်များအား ရရှိအသုံးပြုနိုင်ရေးနှင့် ဗဟိုအဖွဲ့အနေဖြင့်လည်း ထိရောက်သော မူဝါဒများ၊ လုပ်ငန်းစဉ်များ၊ ဆုံးဖြတ်ချက်များ ချမှတ်ပေးနိုင်ရေးအတွက်အထူးအရေးကြီးပါကြောင်း" ပြောကြားခဲ့ပါသည်။

အစည်းအဝေးသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဗဟိုအဖွဲ့ဝင်များဖြစ်ကြသည့် နီးနွယ်ဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပါသည်။

## ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေများနှင့် ပတ်သက်၍ ပူးတွဲပြင်ပလေ့လာဆန်းစစ်မှု (Joint External Evaluation-JEE) ဆောင်ရွက်ခြင်း



ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေများနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာကျန်းမာရေးပြဋ္ဌာန်းချက် IHR (2005) နှင့် Global Health Security Agenda တို့နှင့်အညီ မြန်မာနိုင်ငံက ဆောင်ရွက်ထားရှိမှု အခြေအနေကို ပြည်တွင်းပညာရှင်များက (၂၀၁၇) ခုနှစ်၊ ဖေဖော်ဝါရီလမှ မေလ အတွင်းနှင့် နိုင်ငံတကာပညာရှင်များက မေလ(၃) ရက်မှ (၉)ရက်အထိ ပူးတွဲ ပြင်ပလေ့လာဆန်းစစ်ခြင်း (Joint External Evaluation - JEE) ဆောင်ရွက်ခဲ့ရာ တွေ့ရှိချက်များအား ပြန်လည်တင်ပြဆွေးနွေးခြင်း (Debriefing of External Assessment Team) အခမ်းအနားကို မေလ (၉)ရက်နေ့တွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက "ယခုအခါ ကူးစက်ရောဂါအသစ်များအပါအဝင် ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေများ ဖြစ်ပွားလျက်ရှိပြီး နိုင်ငံတကာသွားလာမှုနှင့် ကုန်သွယ်မှုများ ထိခိုက်မှုမရှိရေး၊ ပြည်သူများ၏ အသက်ဆုံးရှုံးမှု မရှိစေရေးတို့အတွက် ပူးတွဲပြင်ပဆန်းစစ်ခြင်း (JEE) ဆောင်ရွက်၍ IHR (2005) ပါ လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ရန် လိုအပ်လာကြောင်း၊ Technical Area (၁၉) ခု၌ ဆန်းစစ်ခဲ့သည့် တွေ့ရှိချက်များအပေါ်အခြေခံပြီး (၅) နှစ်စီမံချက်ရေးဆွဲ၍ နီးနွယ်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း" အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ ထို့နောက် နိုင်ငံတကာ ပညာရှင်များက ၄င်းတို့၏ လေ့လာတွေ့ရှိချက် များကို ကဏ္ဍအလိုက် တင်ပြဆွေးနွေးခဲ့ပါသည်။ အခမ်းအနားသို့ နိုင်ငံတကာ ပညာရှင်များ၊ နီးနွယ်ဝန်ကြီးဌာနနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ WHO, CDC, USAID, World Bank, ADB, UNICEF နှင့် FAO တို့မှ ကိုယ်စားလှယ်များနှင့်တာဝန်ရှိသူများတက်ရောက်ခဲ့ကြပါသည်။

## ဆေးရုံအခြေပြု ကာကွယ်ဆေးထိုးလုပ်ငန်းများ စတင်ဆောင်ရွက်ခြင်း

တိုင်းဒေသကြီး/ပြည်နယ်များရှိ ဆေးရုံ(၉၈)ရုံတွင် ဆေးရုံအခြေပြု ကာကွယ်ဆေးထိုးလုပ်ငန်းများ စတင်ဆောင်ရွက်ခြင်း ဗဟိုအဆင့် ဖွင့်ပွဲ အခမ်းအနားကို မေလ(၅) ရက်နေ့တွင် ရန်ကုန် ကလေးဆေးရုံကြီး၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက "ကျန်းမာရေးဌာနများတွင် ကာကွယ်ဆေးထိုး လုပ်ငန်းများကို လုပ်ဆောင်ပေးနေသော်လည်း ပြည်သူလူထုအတွင်း လွှမ်းခြုံမှုရာနှုန်းပြည့် မရရှိသေးသောကြောင့် တတ်နိုင်သမျှ လွှမ်းခြုံမှုမြင့်မားစေရန် ဆေးရုံအခြေပြု ကာကွယ်ဆေးထိုးလုပ်ငန်းများကို စတင်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ဤလုပ်ငန်းကို ဆေးရုံများတွင် အခြေပြုပြီး တိုးချဲ့နိုင်သည့်အတွက် ယနေ့သည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သမိုင်းမှတ်တိုင်သစ်တစ်ခု ရရှိသည့်နေ့တစ်နေ့ဖြစ်ပါကြောင်း၊ ကာကွယ်ဆေးထိုးခြင်းအားဖြင့် အနာဂတ်တွင် တိုင်းပြည်အတွက် အားထားရမည့် ကလေးငယ်များ၏ အသက်ဆုံးရှုံးမှုပေါင်း မြောက်များစွာကို ကာကွယ်နိုင်မည် ဖြစ်ပါကြောင်း" အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။




ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အမှာစကားပြောကြားခဲ့ပြီး ပြည်ထောင်စုဝန်ကြီးနှင့်ဝန်ကြီးချုပ်တို့သည် ရန်ကုန်ကလေးဆေးရုံကြီး၊ ကာကွယ်ဆေးထိုးခန်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ကလေးများအား ကာကွယ်ဆေးများထိုးနှံတိုက်ကျွေးခြင်းကိုအားပေးကြည့်ရှုခဲ့ကြပါသည်။

## တစ်သက်တာ ကျန်းမာပျော်ရွှင်စွာနေထိုင်နိုင်ရေး ဘဝနေထိုင်မှုပုံစံဆိုင်ရာ စာတမ်းဖတ်ခြင်း

မြန်မာနိုင်ငံဆေးပညာရှင်များအဖွဲ့က ဦးစီးကျင်းပသော တစ်သက်တာ ကျန်းမာပျော်ရွှင်စွာ နေထိုင်နိုင်ရေးအတွက် လိုအပ်သော ဘဝနေထိုင်မှုပုံစံဆိုင်ရာ စာတမ်းဖတ်ပွဲ Seminar on Lifestyle for Healthy and Happy Life အခမ်းအနားကို မေလ(၆)ရက်နေ့တွင် သူနာပြုတက္ကသိုလ်(ရန်ကုန်) ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေး တက်ရောက် အမှာစကား ပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက "ဝန်ကြီးဌာန၏ အဓိကရည်မှန်းချက်များဖြစ်သည့် လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာ နေထိုင်နိုင်ရေး၊ လူတိုင်းရောဂါဘယကင်းရှင်းရေးစသည့် အချက်များ ပြည့်မီနိုင်ရန် လုပ်ဆောင်ရာတွင် မိမိတို့အနေဖြင့် မည်မျှပင် အားစိုက်လုပ်ဆောင်သော်လည်း ပြည်သူလူထု၏ ကျန်းမာရေးဆိုင်ရာ အသိ၊ ခံယူမှု၊ အလေ့အထ စသည်တို့ကို အခြေခံသည့် ဘဝ နေထိုင်မှုပုံစံများ ကောင်းမွန်စွာပြောင်းလဲတိုးတက်လာခြင်းမရှိပါက အဆိုပါရည်မှန်းချက်ပန်းတိုင်များသို့ ရောက်ရှိရန် ခက်ခဲနေဦးမည် ဖြစ်ပါကြောင်း၊ ယခုဆွေးနွေးပွဲတွင် ဤအချက်များကို အခြေခံကာ ဆေးပညာရှင်ကြီးများက ဆွေးနွေးမည်ကို သိရှိရ၍ အလွန်ဝမ်းမြောက်ပါကြောင်း၊ အမျိုးသားကျန်းမာရေးစီမံကိန်း အပါအဝင် အခြားသော စီမံချက်လုပ်ငန်းများတွင် ပိုမိုပါဝင်နိုင်ရန် ထည့်သွင်းဆွေးနွေးစေလိုကြောင်း၊




ကျန်းမာပျော်ရွှင်သော၊ ဘဝအရည်အသွေးမြင့်မားသော၊ သက်တမ်းစေ့နေနိုင်သော၊ ရောဂါဘယကင်းဝေးသော ပြည်သူလူထုကြီးဖြစ်လာစေရန်အတွက် မိမိတို့အားလုံး ဆက်လက်ဝိုင်းဝန်း ကြိုးပမ်းကြရမည်ဖြစ်ကြောင်း" ပြောကြားခဲ့ပါသည်။

စာတမ်းဖတ်ပွဲသို့ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် ဌာနမှူးများ၊ ပါမောက္ခများ၊ ဆေးသုတေသနဦးစီးဌာနမှ တာဝန်ရှိသူများ၊ အငြိမ်းစားဆေးပညာရှင်ကြီးများနှင့် အခြားလေ့လာသူများ တက်ရောက်ဆွေးနွေးခဲ့ပါသည်။

## ၂၀၁၇ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသားဖွားဆရာမများနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပခြင်း




မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားအသင်းက ကျင်းပသော ၂၀၁၇ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသားဖွားဆရာမများနေ့ အထိမ်းအမှတ် အခမ်းအနားကို မေလ(၇)ရက်နေ့၊ နံနက်ပိုင်းတွင် သူနာပြုတက္ကသိုလ် (ရန်ကုန်)၌ ကျင်းပခဲ့ပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက် အမှာစကားပြောကြားခဲ့ရာ "အပြည်ပြည်ဆိုင်ရာ သားဖွားဆရာမများနေ့ကို ၁၉၉၂ ခုနှစ်မှစ၍ ကမ္ဘာအရပ်ရပ်တွင် စတင်ကျင်းပခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ မိခင်နှင့်ကလေး သေဆုံးမှုနှုန်း လျော့ချနိုင်ရန် ပဏာမကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ လုပ်ဆောင်ရာတွင် သားဖွားဆရာမများသည် အလွန်အရေးကြီးသည့်နေရာက ပါဝင်နေပြီး ရှေ့တန်းတိုက်စစ်မှူးများသဖွယ် ဖြစ်ပါကြောင်း၊ သူနာပြုနှင့် သားဖွားဆရာမများ၏ လုပ်ငန်းခွင်တွင် အဆင်ပြေချောမွေ့စေရေးကို အမြဲတမ်း စဉ်းစားပေးလျက်ရှိပါကြောင်း၊ သူနာပြုနှင့် သားဖွားဆရာမများ၏ အရည်အသွေး တိုးတက်ရေးနှင့် ဘဝတက်လမ်းနှင့် လိုအပ်ချက်များကို ရှုထောင့်ပေါင်းစုံမှ လေ့လာကာ ထောက်ပံ့ပေးသွားရန် ဆောင်ရွက်လျက်ရှိကြောင်း" ပြောကြားခဲ့ပါသည်။

အခမ်းအနားသို့အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးမှကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ USAID နှင့် Jhpiego တို့မှ ဖိတ်ကြားထားသူများ၊ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်းမှ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ သူနာပြုနှင့်သားဖွားဆရာမများ၊ သူနာပြုတက္ကသိုလ်၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းများမှ ကျောင်းသား/သူများ တက်ရောက်ကြပြီး ယခု ၂၀၁၇ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသားဖွားဆရာမများနေ့၏ဆောင်ပုဒ်မှာ "မိခင်ကလေး ကျန်းမာဖို့ ထူးခြားအလေးထား စောင့်ရှောက်လို့ သားဖွားဆရာမများ စွမ်းဆောင်စို့" ဖြစ်ပါသည်။

## အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇-၂၀၂၁) ၏ နှစ်အလိုက်လုပ်ငန်းစီမံကိန်း(၂၀၁၇-၂၀၁၈)အား ရှင်းလင်းတင်ပြခြင်း

အမျိုးသားကျန်းမာရေးစီမံကိန်း(၂၀၁၇-၂၀၂၁)၏ နှစ်အလိုက်ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်း (၂၀၁၇-၂၀၁၈) အား ရှင်းလင်းတင်ပြခြင်းကို မေလ(၁၅)ရက်နေ့တွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက "လက်ရှိ လုပ်ဆောင်နေသော စီမံချက်များနှင့် အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇-၂၀၂၁) တွင် လုပ်ဆောင်ရမည့် လုပ်ငန်းများကို လက်တွေ့ ချိတ်ဆက်ဆောင်ရွက်ရမည့်အပိုင်းမှာ အလွန်အရေးကြီးကြောင်း၊ အမျိုးသားကျန်းမာရေးစီမံကိန်းလုပ်ငန်းများ အဆင့်လိုက်အောင်မြင်မှုရရှိလာမှသာလျှင် မိမိတို့ မျှော်မှန်းထားသည့် လူတိုင်းလက်လှမ်းမီနိုင်သော ကျန်းမာရေးစောင့်ရှောက်မှုစနစ် (Universal Health Coverage) ကို ရရှိနိုင်မည်ဖြစ်ပြီး ပြည်သူလူထု၏ ကျန်းမာရေး အဆင့်အတန်း မြင့်မားတိုးတက်လာမည်ဖြစ်ကြောင်း" ပြောကြားပါသည်။

ထို့နောက် နှစ်အလိုက် လုပ်ငန်းစီမံကိန်း (၂၀၁၇-၂၀၁၈)အား လက်ထောက်အတွင်းဝန် ဒေါက်တာသန့်ဇင်ထူးက ရှင်းလင်းတင်ပြပါသည်။ ဆွေးနွေးပွဲသို့ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အမျိုးသားကျန်းမာရေးစီမံကိန်း စောင့်ကြပ်ကြည့်ရှုရေးအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ



ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ ညွှန်ကြားရေးမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပါသည်။

အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇-၂၀၂၁)အတွက် နှစ်အလိုက် မြို့နယ်များ တိုးချဲ့ဆောင်ရွက်ရာ၌ (၂၀၁၇-၂၀၁၈)တွင် (၇၆)မြို့နယ်၊ (၂၀၁၈-၂၀၁၉)တွင် (၈၂)မြို့နယ်၊ (၂၀၁၉-၂၀၂၀)တွင် (၈၃)မြို့နယ်၊ (၂၀၂၀-၂၀၂၁)တွင် (၈၉)မြို့နယ်ဖြစ်ရာ (၂၀၂၁) ခုနှစ်တွင် တစ်နိုင်ငံလုံးရှိ မြို့နယ်(၃၃၀) လုံးအား လွှမ်းခြုံနိုင်မည်ဖြစ်ပါသည်။

## ခုခံအားကျဆင်းမှုကူးစက်ရောဂါ အမျိုးသားမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၀) မိတ်ဆက်ခြင်းအခမ်းအနားကျင်းပခြင်း



ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရောဂါနှိမ်နင်းရေးဌာနခွဲ၊ ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက်သည် (၁၇-၅-၂၀၁၇) ရက်နေ့တွင် နေပြည်တော်၊ Park Royal ဟိုတယ်၌ ခုခံအားကျဆင်းမှုကူးစက်ရောဂါဆိုင်ရာ အမျိုးသားမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၀) စတင်မိတ်ဆက်ခြင်းအခမ်းအနားကို ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက တက်ရောက်အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ မြန်မာနိုင်ငံတွင် ခုခံအားကျဆင်းမှုကူးစက်ရောဂါ ကာကွယ်ကုသရေးလုပ်ငန်းများအတွက် ရရှိထားသောအရင်းအမြစ်များကို အကျိုးရှိထိရောက်စွာအသုံးချ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လူတိုင်းလက်လှမ်းမီရရှိရေးအတွက် ချမှတ်ရေးဆွဲထားသော မဟာဗျူဟာများနှင့် ပတ်သက်၍ အသိပေးမိတ်ဆက်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး/ပြည်နယ်ကုသရေးဦးစီးဌာနမှူးများနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများနှင့် အထူးကုဆရာဝန်ကြီးများ၊ ဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် ပါမောက္ခ/ဌာနမှူးများ၊ နီးနွယ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကမ္ဘာ့ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများနှင့်မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက်မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ စုစုပေါင်း (၂၀၀)ဦးခန့် တက်ရောက်ခဲ့ပါသည်။

## ဆေးသုတေသန စာရင်းအင်းပညာရပ်ဆိုင်ရာသင်တန်းကျင်းပခြင်း




ဆေးသုတေသန၊ စာရင်းအင်းပညာရပ်ဆိုင်ရာသင်တန်း (Training Course on Essential of statistics for Medical Research) သင်တန်း ဖွင့်ပွဲအခမ်းအနားကို မေလ (၁၇) ရက်နေ့တွင် ရန်ကုန်မြို့ရှိ ဆေးသုတေသနဦးစီးဌာန၊ အဆင့်မြင့်မော်လီကျူးသုတေသနဌာန Auditorium (2) ၌ ကျင်းပပြုလုပ်ရာ ဆေးသုတေသနဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဇင်သန့် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ သင်တန်းတွင် သက်ဆိုင်ရာတာဝန်ရှိသူများက စာတွေ့လက်တွေ့သင်ကြားပြသပေးပြီး အုပ်စုများဖွဲ့၍ လက်တွေ့ဆောင်ရွက်ခဲ့ကြပါသည်။

အဆိုပါ စာရင်းအင်းပညာရပ်ဆိုင်ရာ သုံးရက်သင်တန်းတွင် ဆေးသုတေသနဦးစီးဌာန (ရုံးချုပ်)နှင့် ပြင်ဦးလွင် (ရုံးခွဲ)တို့မှ သုတေသနအရာရှိ သင်တန်းသား/သင်တန်းသူ (၃၀) ဦး၊ လေ့လာသူအဖြစ် သုတေသနအရာရှိ (၁၀) ဦး၊ စုစုပေါင်း (၄၀) ဦး တက်ရောက်ခဲ့ကြပါသည်။ သင်တန်းဆင်းပွဲကို မေလ(၁၉)ရက်နေ့ တွင် ကျင်းပပြုလုပ်ခဲ့ရာ ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားပြီး သင်တန်းတက်ရောက်သူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

# သုတေသနပညာရပ်ဆိုင်ရာနှင့်ဓါတ်ခွဲနည်းပညာရပ်ဆိုင်ရာဟောပြောပွဲများကျင်းပခြင်း





သုတေသနပညာရပ်ဆိုင်ရာ ဟောပြောပွဲအား ဆေးသုတေသနဦးစီးဌာန၊ ဗဟိုဇီဝဆေးပညာစာကြည့်တိုက် အစည်းအဝေးခန်းမ၌ ဧပြီလ (၆) ရက် နေ့တွင် ကျင်းပပြုလုပ်ခဲ့ရာ ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဇင်သန့်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ သုတေသီပညာရှင်များ၊ ဆေးပညာမဟာသိပ္ပံ (ရောဂါဗေဒ) ဘွဲ့လွန် ပထမနှစ် သင်တန်းသားများ စုစုပေါင်း (၁၂၀)ဦးခန့် တက်ရောက်ခဲ့ကြပါသည်။ အဆိုပါ ဟောပြောပွဲတွင် ဩစတြေးလျနိုင်ငံ၊ Queensland University of Technology (QUT) မှ Project Leader, Dr. Francesca D. Frentiu က "My Research at QUT" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ International Projects Officer, Mr. David Kozar က "Short Presentation on QUT's Faculty of Health" ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောဆွေးနွေးခဲ့ကြပါသည်။

ဓာတ်ခွဲခန်းနည်းပညာရပ်ဆိုင်ရာဟောပြောပွဲအား စင်္ကာပူနိုင်ငံ၊ Mettler Toledo (S) Pte Ltd မှ Application Manager Mr. Bryan Yiew က "Application for (1) General Titrator (2) UV/Vis Spector-photometer (3) Weight and Traceability (4) Introductin to LabX" ခေါင်းစဉ်ဖြင့် ဧပြီလ (၂၃)ရက်နေ့တွင် ဟောပြောတင်ပြရာ ဆေးသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ သုတေသီပညာရှင်များ၊ စုစုပေါင်း(၇၀) ဦး တက်ရောက်ခဲ့ကြပါသည်။

ဆက်လက်၍ သုတေသနပညာရပ်ဆိုင်ရာ ဟောပြောပွဲများကို ကျင်းပပြုလုပ်ခဲ့ရာ မေလ(၅) ရက်နေ့တွင် "NCI Summer Curriculum in Cancer Prevention Course: Molecular Prevention" နှင့် "NCI Summer Curriculum in Cancer Prevention Course: Principles and Practice of Cancer Prevention and Control" ခေါင်းစဉ်အားလည်းကောင်း၊ မေလ (၁၉) ရက်နေ့တွင် မြန်မာနိုင်ငံ Grand Max Co., Ltd နှင့် စင်္ကာပူနိုင်ငံ၊ PCR Max တို့ ပူးပေါင်းစီစဉ်သော Detail on Real Time PCR (q PCR) ခေါင်းစဉ်ဖြင့် ဓာတ်ခွဲခန်း နည်းပညာရပ်ဆိုင်ရာ ဟောပြောပွဲနှင့် Plate preparation q PCR on Eco 48 system ကို လက်တွေ့ ဆောင်ရွက်သရုပ်ပြသခြင်းကိုလည်းကောင်း၊ မေလ (၃၀) ရက်နေ့တွင် Microbiology Society နှင့် ဆေးသုတေသနဦးစီးဌာနတို့ ပူးပေါင်းစီစဉ်၍ "Mundus Experience: Post-Doctoral Research on Drug Resistance in University of Porto, Portugal" နှင့် "Laboratory Diagnosis of Dengue/ Zika/ Chikungunya" ခေါင်းစဉ်အားလည်းကောင်း၊ ဇွန်လ(၉)ရက်တွင် "Health Care Waste Management" နှင့် "Experiences on 2015 World Anti-Aging Forum (WAAF) and Study Visit to Molecular Biology Dept., Pusan National University" ခေါင်းစဉ်အားလည်းကောင်း၊ ဇွန်လ(၁၆) ရက်နေ့တွင် "Digital Health in Asia Pacific: Current Situation and Future"၊ "Basic Molecular Training on Detection of Respiratory Viruses Causing ARI " နှင့် "Biosafety, PPE and Ethical Consideration Related to USAID/PREDICT Project" ခေါင်းစဉ်အားလည်းကောင်း၊ ဇွန်လ (၃၀)ရက်နေ့ "ILSI SEA Region Workshop on Food Composition Database; Facilitating Analyses of Food and Nutrient Intakes" နှင့် "Training on Molecular Method for Gut Microbiota Analysis"ခေါင်းစဉ်အားလည်းကောင်း အသီးသီးဟောပြော တင်ပြကြရာ တက်ရောက်လာကြသူများက စိတ်ပါဝင်စားစွာဖြင့် ဆွေးနွေးမေးမြန်းခဲ့ကြပါသည်။

အဆိုပါ ဟောပြောပွဲများသို့ ဆေးသုတေသနဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (သုတေသန)၊ ညွှန်ကြားရေးမှူးများနှင့် ဒုတိယညွှန်ကြားရေးမှူး/ ဌာနခွဲမှူးများ၊ ဆေးတက္ကသိုလ်များမှ ပါမောက္ခများနှင့် ပညာရှင်များ၊ သုတေသီပညာရှင်များ၊ သုတေသနအရာရှိသစ်လွင်များ တက်ရောက်ခဲ့ကြပါသည်။

## အစားအသောက်၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်းများ အန္တရာယ်ကင်းရှင်းစေရေး ဟောပြောဆွေးနွေးခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်း





အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ၂၀၁၇ ခုနှစ်၊ မတ်လမှ မေလအတွင်း ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ရှိ ဈေးများ၊ ဆေးဆိုင်များ၊ ကုန်တိုက်ကြီးများ၊ ကုန်စုံဆိုင်များသို့ Mobile Lab Van (ရွေ့လျားဓာတ်ခွဲယာဉ်) ဖြင့် သက်ဆိုင်ရာ နှီးနွှယ်ဌာနများဖြစ်သော မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ခံများနှင့်အတူ ရောင်တခင်ဝင်ရောက် စစ်ဆေးခြင်း၊ အစားအသောက်နမူနာ၊ ဆေးဝါးနမူနာ၊ အလှကုန်နမူနာ ကောက်ယူခြင်း၊ မှတ်ပုံတင်ထားခြင်းမရှိသောဆေးဝါး (Unregistered Drugs)၊ သက်တမ်းလွန်ဆေးဝါး (Expired Drugs) များနှင့် စပ်ဆေးများကို သိမ်းဆည်းကာ ခံဝန်ကတိလက်မှတ် ထိုးခိုင်းခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ (၂)လအတွင်း မြို့နယ်(၈) မြို့နယ်ရှိ ဆေးဆိုင် (၆၅)ဆိုင်အားလည်း ရောင်တခင် ဝင်ရောက်စစ်ဆေးခဲ့ပါသည်။

၂၀၁၇ ခုနှစ်၊ ဇွန်လအတွင်းတွင် နေပြည်တော်ရှိ ဈေး(၄)ဈေးနှင့် ကျောင်း(၄)ကျောင်းသို့ သွားရောက် စစ်ဆေးခဲ့ကာ စုစုပေါင်း အစားအသောက်နမူနာ (၁၅၄) ကောက်ယူခဲ့ပြီး (၂၄)မျိုးမှာ စားသုံးရန်မသင့်ကြောင်း ဓာတ်ခွဲတွေ့ရှိခဲ့ပါသည်။ မြို့နယ်(၃)ခုရှိ ဆေးဆိုင် (၁၁) ဆိုင်တွင် စုစုပေါင်း သိမ်းဆည်းဆေးဝါး (၅၄)မျိုး သိမ်းဆည်းခဲ့ပါသည်။

နေပြည်တော်၊ မြို့တော်ဝန်ရုံး၌ ဇွန်လ (၂၁) ရက်နေ့တွင် သက်ဆိုင်ရာ မြို့နယ်ဈေးများမှ တာဝန်ခံများနှင့် တွေ့ဆုံ၍ ညှိနှိုင်းဆွေးနွေးပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ၊ မန္တလေးမှ တာဝန်ရှိသူများသည် ဧပြီလ (၅)ရက်မှ (၇)ရက်နေ့အတွင်း ချမ်းမြသာစည်မြို့နယ်ရှိ ဆေးဆိုင်ပိုင်ရှင်များအား ကောင်းမွန်သောဆေးဝါးရောင်းချမှုကျင့်စဉ်နှင့် ဆေးဝါးတုများ၏ အန္တရာယ်အကြောင်းကိုလည်းကောင်း၊ မန္တလေးတိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတွင် ဆေးဝါးဝယ်ယူရာ၌ သတိထားသင့်သည့်အကြောင်းအရာများကိုလည်းကောင်း၊ မိတ္ထီလာခရိုင်နှင့် ပူးပေါင်း၍ မိတ္ထီလာပြည်သူ့ဆေးရုံကြီး၊ အစည်းအဝေးခန်းမ၌ မေလ(၅) ရက်နေ့တွင် ဆေးဝါးဖြန့်ဖြူးရောင်းချသူများအားလည်းကောင်း၊ ပညာပေးဟောပြောဆွေးနွေးမှုများပြုလုပ်ခဲ့ပါသည်။

၂၀၁၇ ခုနှစ်၊ မေလအတွင်းတွင် အောင်မြေသာဇံ၊ ချမ်းအေးသာဇံနှင့် ချမ်းမြသာစည်မြို့နယ်များအတွင်းရှိ အလှကုန်ပစ္စည်းများရောင်းချသည့်ဆိုင်များအားလည်းကောင်း၊ ပြည်ကြီးတံခွန်၊ အမရပူရနှင့် ပုသိမ်ကြီးမြို့နယ်များ အတွင်းရှိ ဆေးဆိုင်များအားလည်းကောင်း ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။ မန္တလေးမြို့၌ မေလ (၂၀) ရက်နေ့မှ (၂၂) ရက်နေ့အထိ ကျင်းပပြုလုပ်သော ပထမအကြိမ် လက်ဖက်ပွဲတော်၊ စတုတ္ထအကြိမ် သရက်သီးပွဲတော်နှင့် စိုက်ပျိုးရေးဆိုင်ရာ ကုန်စည်ပြပွဲများတွင်လည်း အသိပညာပေးပြခန်း ပါဝင်ပြသခဲ့ပါသည်။

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်အတွင်းရှိ ဆေးဆိုင်များအား အသိပညာပေးဆွေးနွေး ဟောပြောပွဲကို မေလ (၂၆) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပြီး ဆေးဆိုင်များမှ ဆေးဝါး နမူနာ စုစုပေါင်း (၃၂) မျိုးကို Mini-Lab ဖြင့် ဓာတ်ခွဲစစ်ဆေးခဲ့ပါသည်။

ကချင်ပြည်နယ်၊ ရွှေကူမြို့နယ် အတွင်းရှိ ဆေးအရောင်းဆိုင်များမှ ဆေးဆိုင်ပိုင်ရှင်များအား လည်းကောင်း၊ ကျောင်းကျန်းမာရေးအဖွဲ့နှင့်ပူးပေါင်း၍လည်းကောင်း ဇွန်လ (၈) ရက်နေ့တွင် အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်ခဲ့ပါသည်။

## ၂၀၁၇ ခုနှစ်၊ ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပခြင်း

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မကူးစက်နိုင်သောရောဂါများကာကွယ်နှိမ်နင်းရေးဌာနခွဲသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ပူးပေါင်း၍ (၂၀၁၇)ခုနှစ်၊ ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို နေပြည်တော်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ (၃၁-၅-၂၀၁၇) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းမှ အဖွင့်အမှာစကား ပြောကြားခဲ့ရာတွင် "ပြည်သူလူထုအား ဆေးလိပ်ဆေးရွက်ကြီး သောက်သုံးမှုနှင့် ဆက်စပ်နေသော အန္တရာယ်များကို သိရှိစေရန်နှင့် သုံးစွဲမှုလျော့ကျစေရန်အတွက် ထိရောက်သော နည်းဗျူဟာ၊ မဟာဗျူဟာများ ချမှတ်အကောင်အထည်ဖော်ရန်လိုအပ်ကြောင်း၊ ၂၀၁၇ခုနှစ်၊ ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့၏ အထိမ်းအမှတ် ဆောင်ပုဒ်မှာ "Tobacco - a threat to development" "ဖွံ့ဖြိုးမှုအတွက် အဟန့်အတားမို့၊ ဆေးလိပ်ဆေးရွက်တိုက်ဖျက်စို့"ဖြစ်ကြောင်း၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင် များ (Sustainable Development Goals) ပြည့်မီအောင်ဆောင်ရွက်ရာတွင် ဆေးလိပ် ဆေးရွက်ကြီး ထိန်းချုပ်ရေးလုပ်ငန်းကို ဦးစားပေးလုပ်ငန်းတစ်ခုအနေနှင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊နိုင်ငံတွင်ရှိ အဖွဲ့အစည်းများအကြားလက်တွဲဆောင်ရွက်သွားရန်လိုအပ်ကြောင်း" ပြောကြားခဲ့ပါသည်။ ဆက်လက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Dr. Stephen Paul Jost က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး၏ သဝဏ်လွှာကို ဖတ်ကြားခဲ့ပါသည်။




အခမ်းအနားသို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဌာနေကိုယ်စားလှယ်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန နှင့်နီးနွယ်ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ပြည်တွင်းပြည်ပအစိုးရမဟုတ်သောအဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြပါသည်။

## အသည်းရောင်အသားဝါ (စီ) ရောဂါကုသမှု စတင်ခြင်းအထိမ်းအမှတ်အခမ်းအနားကျင်းပခြင်း



အမျိုးသားအသည်းရောင်အသားဝါရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းစီမံချက်၏ အသည်းရောင်အသားဝါ(စီ) ရောဂါကုသမှု စတင်ခြင်း Pilot Program အထိမ်းအမှတ် အခမ်းအနားအား ရန်ကုန်အထူးကုဆေးရုံကြီးအစည်းအဝေးခန်းမ၌ ဇွန်လ(၁၀)ရက်နေ့တွင်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်၍ အမှာစကား ပြောကြားခဲ့ရာတွင် "ယနေ့အခမ်းအနားသည် ကူးစက်အသည်းရောင်ရောဂါများနှင့် ပတ်သက်၍ ပိုမိုသတိပြု နိုင်ရန်အတွက် လှုပ်နိုးလိုက်သည့်အသွင် Wake up Call တစ်ခု ဖြစ်ပါကြောင်း၊ စီမံချက်အနေဖြင့် အသည်းရောင်ရောဂါ(စီ)ပိုး ဝေဒနာခံစားနေရသူ(၂၀၀၀)ဦးကိုသာ အခမဲ့စတင်ကုသပေးသည်ဆိုသော်လည်း ပြည်သူများအနေဖြင့် အသည်းရောင်ရောဂါ (ဘီ)ပိုး၊ (စီ)ပိုး စသည့် ကူးစက်အသည်းရောင်ရောဂါများနှင့် နောက်ဆက်တွဲဆိုးကျိုးများ၊ ကာကွယ်နိုင်မည့် နည်းလမ်းများကို ပိုမို၍ သတိပြုလာနိုင်မည်ဖြစ်ပါကြောင်း၊ အမျိုးသားအသည်းရောင်ရောဂါတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက် (၂၀၁၆-၂၀၂၀)ကို ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း"ပြောကြားခဲ့ပါသည်။

အခမ်းအနားသို့ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဂုဏ်ထူးဆောင်ပါမောက္ခများ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ အသည်းဖောင်ဒေးရှင်း၊ Clinton Health Access Initiatives (CHAI) နှင့် ပြည်တွင်းပြည်ပအစိုးရ မဟုတ်သောအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြပါသည်။

## မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ဝင်သစ်များအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကျင်းပခြင်း




မြန်မာနိုင်ငံ ဆေးပညာရှင် အဖွဲ့ဝင်သစ်များအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားအား သူနာပြုတက္ကသိုလ်(ရန်ကုန်)၊ အစည်းအဝေးခန်းမ၌ ဇွန်လ (၁၀) ရက်နေ့တွင် ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်၍ အမှာစကား ပြောကြားခဲ့ပါသည်။ ပြည်ထောင်စုဝန်ကြီးက "မြန်မာနိုင်ငံ ဆေးပညာရှင်အသင်းကြီးအား ၁၉၄၉ ခုနှစ်၊ ဩဂုတ်လတွင် စတင်ဖွဲ့စည်းခဲ့ပါကြောင်း၊ အသင်းကြီး၏ ရည်ရွယ်ချက်များတွင် ဒီမိုကရေစီ နိုင်ငံတော်သစ်တည်ဆောက်ရာ၌ ပညာရှင်များက မိမိတတ်ကျွမ်းသော ပညာရပ်များဖြင့် နိုင်ငံကို အထောက်အပံ့ပြုနိုင်ရန်၊ ဆေးသိပ္ပံပညာရပ်များ နိုင်ငံတကာအဆင့်နှင့်အညီ တိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ဆေးပညာရှင်များ စဉ်ဆက်မပြတ်တိုးပွားစေရေး အထောက်အကူပြုဆောင်ရွက်ရန်၊ ကျန်းမာရေးသုတေသနလုပ်ငန်းများကိုဆောင်ရွက်ရန်နှင့် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုတိုးတက်ရေးအတွက် ဆောင်ရွက်ရန်တို့ဖြစ်ပါကြောင်း၊ ထိုသို့လုပ်ဆောင်ရာတွင် မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ကြီးမှ အလုပ်အမှုဆောင်များ၊ အဖွဲ့ဝင်ဟောင်းများ၊ အဖွဲ့ဝင်အသစ်များ အားလုံး အတူတကွပါဝင်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့ကို စတင်ဖွဲ့စည်းစဉ်က အငြိမ်းစား(၇၉)ဦး၊ တာဝန် ထမ်းဆောင်နေသော ဝန်ထမ်း (၁၂၉)ဦး၊ စုစုပေါင်း (၂၀၈)ဦးနှင့် စတင်ဖွဲ့စည်းခဲ့ပြီး လက်ရှိတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်း (၃၆၂)ဦးနှင့် အငြိမ်းစားပညာရှင် (၃၃၈)ဦး၊ စုစုပေါင်းအဖွဲ့ဝင် (၇၀၀)ဦးရှိနေပြီဖြစ်ကြောင်း"ပြောကြားခဲ့ပါသည်။

ထို့နောက် မြန်မာနိုင်ငံဆေးပညာ ရှင်အဖွဲ့ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာနေဝင်းက နှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး အဖွဲ့ဝင်သစ်များအား ပြည်ထောင်စုဝန်ကြီးက အသိအမှတ်ပြုလွှာနှင့် ရင်ထိုးတံဆိပ်များပေးအပ်ခဲ့ပါသည်။

## ဆေးသုတေသနဦးစီးဌာန (၅၄)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပခြင်း



ဆေးသုတေသနဦးစီးဌာန၏ (၅၄)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားအား ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာန၊ ဗဟိုဇီဝဆေးပညာစာကြည့်တိုက် အစည်းအဝေးခန်းမ (၁) ၌ ဇွန်လ(၁၀)ရက်နေ့တွင်ကျင်းပခဲ့ရာ ဆေးသုတေသနဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဇင်သန့်က သဘာပတိ အဖြစ်ဆောင်ရွက်၍ ဂုဏ်ပြုအမှာစကားပြောကြားခဲ့ပါသည်။

အဆိုပါနှစ်ပတ်လည်အခမ်းအနားသို့ ဆေးသုတေသနဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူး/ ဌာနခွဲမှူးများ၊ သုတေသနမှူးများနှင့် အငြိမ်းစားညွှန်ကြားရေးမှူးချုပ်များ၊ အငြိမ်းစား ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း အငြိမ်းစားယူသွားသည့် အရာထမ်း၊ အမှုထမ်းများ၊ (၄၅) ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံများတွင် ဆုရရှိခဲ့ကြသူများ၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်၊ ပြည်သူ့ဝန်ထမ်းတံဆိပ်နှင့် ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ် ရရှိကြသည့် ဝန်ထမ်းများ၊ ပညာသင်စရိတ်ပေးအပ်ချီးမြှင့်ခြင်းအား လက်ခံရယူမည့် ဝန်ထမ်းမိဘများနှင့် ကျောင်းသား၊ ကျောင်းသူများ စုံညီစွာ တက်ရောက်ခဲ့ကြပါသည်။

## ကျန်းမာရေးဝန်ထမ်းများ၏ လုပ်ငန်းခွင်လုံခြုံရေး အကာအကွယ်ပေးသည့် ဥပဒေတစ်ရပ် ပေါ်ထွန်းလာစေရေး ညှိနှိုင်းခြင်း



ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ Training Center တွင် ဇွန်လ (၁၁)ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ကျန်းမာရေးဝန်ထမ်းများ၏ လုပ်ငန်းခွင်လုံခြုံရေးအကာအကွယ်ပေးသည့် ဥပဒေတစ်ရပ်ပေါ်ထွန်းလာစေရေးနှင့် ရှေ့လုပ်ငန်းစဉ်များ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်၍ အမှာစကား ပြောကြားခဲ့ရာတွင် "ဆရာဝန်များ၊ ကျန်းမာရေးမှူးများ၊ သူနာပြုဆရာများ၊ သားဖွားဆရာမများအစရှိသည့် ကျန်းမာရေးဝန်ထမ်းအဆင့်ဆင့်သည် တာဝန်အရ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းခွင်လုံခြုံရေး အကာကွယ်ပေးသည့် ဥပဒေတစ်ရပ် ပေါ်ထွက်လာစေရေးအတွက် ညှိနှိုင်းဆွေးနွေး အကြံပြုကြရန်ဖြစ်ပါကြောင်း၊ ကျန်းမာရေးဝန်ထမ်းအဆင့်လိုက် လုပ်ဆောင်ရမည့် တာဝန်ဝတ္တရားများနှင့် ဥပဒေမှ အကာအကွယ်ရရှိနိုင်မည့် အခွင့်အလမ်းများကိုလည်း ပွင့်ပွင့်လင်းလင်းဆွေးနွေးကြရန်ဖြစ်ပါကြောင်း" ပြောကြားခဲ့ပါသည်။

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်ရေးကော်မတီအဖွဲ့ဝင် ဒေါ်သန်းသန်းရီ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဆေးကောင်စီ၊ မြန်မာနိုင်ငံသွားနှင့် ခံတွင်းကောင်စီ၊ မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီ၊ မြန်မာနိုင်ငံဆေးပညာရှင်များအဖွဲ့၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်အသင်း၊ မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်း၊ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်းမှ ကိုယ်စားလှယ်များနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက် ဆွေးနွေးခဲ့ကြပါသည်။

## ၂၀၁၇ ခုနှစ်၊ ကမ္ဘာ့သွေးလှူရှင်များနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပခြင်း



"ယခုလည်းလှူ၊ နောင်လည်းလှူ၊ သွေးလှူပါက ကုသိုလ်ရ" (What can you do? Give Blood, Give Now, Give Often) ဆောင်ပုဒ်ဖြင့် ရန်ကုန်မြို့၊ သူနာပြု တက္ကသိုလ်(ရန်ကုန်)၌ ဇွန်လ(၁၈)ရက်နေ့တွင် ကျင်းပသော ၂၀၁၇ ခုနှစ်၊ ကမ္ဘာ့သွေးလှူရှင်များနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးတက်ရောက် အမှာစကားပြောကြားခဲ့ရာ "မိမိခန္ဓာကိုယ်မှ ဖြစ်သော သွေးဖြင့် လူနာများ၏ အသက်ကို ကယ်တင်ပေးနိုင်သည်မှာ ကြီးမားသော စွန့်လွှတ်အနစ်နာခံခြင်း တစ်မျိုးဖြစ်ပါကြောင်း၊ လူနာများကို သွေးသွင်းကုသရာတွင် သွေးကိုအချိန်မီ ရရှိနိုင်ခြင်း၊ အန္တရာယ်ကင်းရှင်းသည့် သွေးဖြစ်ခြင်း စသည့် အချက်များသည် မရှိမဖြစ်လိုအပ်ကြောင်း၊ ထိုသို့ရရှိနိုင်ရန် ဆောင်ရွက်ပေးသော သွေးလှူဘဏ်ဝန်ထမ်းများနှင့် သက်ဆိုင်ရာဝန်ထမ်းများ အားလုံးကိုလည်း အထူးကျေးဇူးတင်ဂုဏ်ပြုပါကြောင်း၊ မီဒီယာများအနေဖြင့်လည်း သွေးလှူရှင်များ ပိုမိုများပြားစွာ ပေါ်ပေါက်လာစေရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြစေလိုကြောင်း"ပြောကြားခဲ့ပါသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ်တို့က ကျေးဇူးတင်စကားများ ပြောကြားကြသည်။ ထို့နောက် သွေးလှူဒါန်းရန် ကြိုတင်စာရင်းပေးနိုင်သော Website မိတ်ဆက်ခြင်းနှင့် သွေးလှူရှင်များ၏ ထောက်ပံ့မှုအရေးပါပုံများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး သွေးလှူရှင်များကိုယ်စား အကြိမ်(၁၂၂)ကြိမ်မြောက် သွေးလှူရှင်ဖြစ်သူ မြင်းမူဆရာတော်ကြီးက ကျေးဇူးစကားပြောကြားခဲ့ပါသည်။

## တိုက်နယ်ဆရာဝန်အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း



ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ကုသရေးဦးစီးဌာန၊ တိုက်နယ်ဆရာဝန်များ၏ အလုပ်ရုံဆွေးနွေးပွဲကို ဇွန်လ (၂၂) ရက်နှင့် (၂၃)ရက်နေ့တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ပါသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲသို့ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် ပြည်နယ်/တိုင်းဒေသကြီးအသီးသီးမှ တိုက်နယ်ဆရာဝန် (၆၉) ဦးတို့ တက်ရောက်ခဲ့ကြပါသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ကုသရေးလုပ်ငန်းများ၊ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ၊ဝန်ထမ်းရေးရာကိစ္စများနှင့်ဝန်ထမ်းများ၏ ဘဝတက်လမ်း အခွင့်အရေးများ၊ အခြေခံအဆောက်အဦ၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့် အထောက်အကူပစ္စည်းလိုအပ်ချက်များနှင့် အထွေထွေကိစ္စရပ်များဟူ၍ အုပ်စု (၅)စုဖွဲ့ကာ ဆွေးနွေးခဲ့ကြပြီး ကုသရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနတို့မှ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးများက ပါဝင်ဆွေးနွေးခဲ့ကြပါသည်။

## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ အုပ်ချုပ်ရေး (၃)ထပ်ဆောင် အဆောက်အဦသစ် ဖွင့်ပွဲကျင်းပခြင်း





ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ အုပ်ချုပ်ရေး(၃)ထပ်ဆောင် အဆောက်အဦသစ် ဖွင့်ပွဲအခမ်းအနားကို ဇွန်လ(၂၈)ရက်နေ့၊ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ရုံးအမှတ်(၄) ပရဝုဏ်အတွင်းရှိ အဆိုပါ အဆောက်အဦသစ်တွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာမြင့်ထွေး တက်ရောက်အားပေးခဲ့ပါသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားခဲ့ရာ "ဤဌာန၏ ဦးဆောင်မှု၊ စွမ်းဆောင်နိုင်မှု ကောင်းမွန်လျှင်ကောင်းမွန်သကဲ့သို့ အရည်အသွေးပြည့်ဝသော ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာပြီး ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပိုမိုထိရောက်ကောင်းမွန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း" ပြောကြားခဲ့ပါသည်။ ထို့နောက် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ဒေါက်တာတင်တင်လေးက အဆောက်အဦ အသစ်ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားခဲ့ပါသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက အဆောက်အဦသစ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့ပါသည်။

## ပြည်သူ့ဆေးရုံများတွင်ဆောင်ရွက်လျက်ရှိသောမှုခင်းကိစ္စများနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပခြင်း



ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနက ပြည်သူ့ဆေးရုံများတွင် ဆောင်ရွက်လျက်ရှိသော မှုခင်းဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ဇွန်လ(၂၈) ရက်နေ့တွင် ကျင်းပခဲ့ပါသည်။ ပြည်ထောင်စုဝန်ကြီးမှ သဘာပတိအဖြစ် ဆောင်ရွက်၍ ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဆေးတက္ကသိုလ်များမှ ပါမောက္ခ/ဌာနမှူး (ဥပဒေရေးရာဆေးပညာ)နှင့် အထူးကုဆရာဝန်ကြီးများ (ဥပဒေရေးရာဆေးပညာ)၊ ဆေးရုံအုပ်ကြီးများနှင့် အခြားဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါဆွေးနွေးပွဲတွင် နိုင်ငံခြားသေဆုံးအလောင်းရောက်ရှိလာခြင်းတွင် ဆောင်ရွက်နေရသည့် စည်းကမ်းချက်များ၊ မူးယစ်ဆေးဝါးသုံးစွဲမှု ရှိ မရှိ စစ်ဆေးရေးဘုတ်အဖွဲ့ ဖွဲ့စည်းပုံအား ပြန်လည်သုံးသပ်တင်ပြခြင်း၊ မှုခင်းဆိုင်ရာ ကိစ္စရပ်များအတွက် လုပ်ငန်းလမ်းညွှန်အား ပြုစုဖြန့်ဝေနိုင်ရေးနှင့် လုပ်ငန်းခွင်မွမ်းမံသင်တန်း ဆောင်ရွက်နိုင်ရေးတို့ကိုဆွေးနွေးခဲ့ကြပါသည်။

## ကမ္ဘာ့ငှက်ဖျားရောဂါတိုက်ဖျက်ရေးနေ့နှင့် အာဆီယံသွေးလွန်တုပ်ကွေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပခြင်း






"End Malaria For Good" (လူသားအားလုံး ကျန်းမာဖို့အရေး၊ ငှက်ဖျားရောဂါ တိုက်ဖျက်မနေး) နှင့် "United Fight Against Dengue" (သွေးလွန်တုပ်ကွေး တိုက်ဖျက်ဖို့ စုပေါင်းညီညာဆောင်ရွက်စို့) စသည့်ဆောင်ပုဒ်များနှင့်အညီ ဇွန်လ(၃၀) ရက်နေ့တွင် နေပြည်တော်၊ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသော ကမ္ဘာ့ငှက်ဖျားရောဂါတိုက်ဖျက်ရေးနေ့နှင့် အာဆီယံသွေးလွန်တုပ်ကွေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးမှ အမှာစကားပြောကြားခဲ့ရာ "ယခုရေးဆွဲထားသော စီမံချက်များကို လက်တွေ့မည်သို့ အသက်သွင်းဆောင်ရွက်နိုင်မည်ကို စဉ်းစားလုပ်ဆောင်ရန်ဖြစ်ပါကြောင်း၊ ၂၀၃၀ ခုနှစ်တွင် ငှက်ဖျားရောဂါကင်းဝေးရေးသို့ ဦးတည်၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး ဆောင်ရွက်ရာတွင် ဝဲနီးနွယ်ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် ကျောင်းများတွင် သွေးလွန်တုပ်ကွေးရောဂါ ပညာပေးလုပ်ငန်းများကို အလေးပေးဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပြည်သူများကို မိမိတို့အိမ်တွင် အနည်းဆုံး တစ်ပတ်တစ်ခါ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ကိုယ်တိုင်ပြုလုပ်လာတတ်စေရန် လေ့ကျင့်သင်ကြားပေးခြင်းဖြင့် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု လျော့နည်းကျဆင်းလာမည်ဖြစ်ကြောင်း" ပြောကြားပါသည်။

ဆက်လက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ်က အမှာစကား ပြောကြားပြီးနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အထိမ်းအမှတ်ပြခန်းငယ်အား လှည့်လည်ကြည့်ရှုပါသည်။

## ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် မော်တော်ဆိုင်ကယ်များဖြန့်ဝေခြင်း



ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် အထောက်အကူပြုစေရန် (၂၀၁၆-၂၀၁၇) ဘဏ္ဍာနှစ်အတွင်း ငွေလုံးငွေရင်းရန်ပုံငွေ အသုံးပြု၍ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် မော်တော်ဆိုင်ကယ် (၁၉၅၀)စီးအား ဝယ်ယူခဲ့ပါသည်။

အဆိုပါ မော်တော်ဆိုင်ကယ်များအား ကျေးလက်ကျန်းမာရေးဌာနများမှ အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား ကြီးကြပ် ဆောင်ရွက်လျက်ရှိသည့် တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ် ပြည်သူ့ ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများအား ဦးစားပေးပံ့ပိုးပေးခဲ့ပါသည်။

## ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတစ်လျှောက် အရေးပေါ်လူနာတင်ယာဉ်စနစ်ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း

ကုသရေးဦးစီးဌာနသည် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် ယာဉ်မတော်တဆမှုကြောင့် ထိခိုက်ဒဏ်ရာရသူလူနာများကို အရေးပေါ် အသက်ကယ်တင်ပေးနိုင်ရေးအတွက် နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀) တွင် 192 Call Centre ကို တည်ထောင်ကာ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လမှ စတင်၍ လှည်းကူး၊ ဘုရားကြီး၊ မြို့ချောင်း၊ ဖြူး၊ တောင်ငူ၊ လယ်ဝေး၊ အလည်ရွာ၊ မိတ္ထီလာ၊ ပြင်စည် (နွားထိုးကြီး)နှင့် တံတားဦးမြို့နယ်တို့ရှိ ပြည်သူ့ဆေးရုံများ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် လူနာတင်ယာဉ်များ ထားရှိအခြေပြု၍ EMS (Emergency Medical Services) လူနာတင်ယာဉ်စခန်း (၁၀) ခုကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါသည်။



ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် ၂၀၁၆ ခုနှစ် ဩဂုတ်လမှ ၂၀၁၇ ခုနှစ်၊ ဇွန်လအထိ (၁၁) လတာ ကာလအတွင်းတွင် EMS လူနာတင်ယာဉ်များက ခေါက်ရေ (၁၂၂) ကြိမ်ဖြင့် ထိခိုက်ဒဏ်ရာရရှိသူလူနာပေါင်း (၂၆၀) ဦး (တစ်လလျှင် ပျမ်းမျှလူနာ ၂၄ ဦးခန့်)ကို အခင်းဖြစ်ပွားရာနေရာမှ အနီးဆုံး ပြည်သူ့ဆေးရုံများသို့ သယ်ယူပို့ဆောင်၍ အရေးပေါ်ကုသစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

## အားကစားသမားများလေ့ကျင့်နေမှုအား ပြည်ထောင်စုဝန်ကြီးကြည့်ရှုစစ်ဆေးခြင်း

ပြည်ထောင်စုဝန်ကြီးဒေါက်တာမြင့်ထွေးသည် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မတ်လ(၄) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းရှိ မြန်မာနိုင်ငံသေနတ်ပစ်အဖွဲ့ချုပ်၊ မြင်းစီးအဖွဲ့ချုပ်၊ သိုင်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ် တို့သို့လည်းကောင်း၊ ဧပြီလ (၂၉) ရက်နေ့တွင် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း/ရုံ၊ Training Center (1) နှင့် Training Center (2) တို့သို့လည်းကောင်း သွားရောက်၍ (၂၉) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် အားကစားနည်းအလိုက် စခန်းသွင်းလေ့ကျင့်လျက်ရှိသော မြန်မာ့လက်ရွေးစင် အားကစားသမားများ၏ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးခဲ့ပါသည်။



## မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံ၍ အာရှအဆင့် ဘောလီဘောပြိုင်ပွဲများ ကျင်းပခြင်း





အာရှဘော်လီဘောအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်တို့ပူးပေါင်း၍ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် 11th Asian Boy's Volleyball Championship (၁၁ ကြိမ်မြောက် အသက် ၁၉ နှစ်အောက် အာရှအမျိုးသားဘော်လီဘော ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို မတ်လ(၂၈) ရက်နေ့တွင် ဝဏ္ဏသိဒ္ဓိ အားကစားပြိုင်ပွဲရုံ(B)၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ အာရှဘော်လီဘောအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်နိုင်ငံများမှ တာဝန်ရှိသူများနှင့် ဘော်လီဘော ဝါသနာရှင် ပရိတ်သတ်များ တက်ရောက်ကြပါသည်။ ၄င်းပြိုင်ပွဲကို ဟောင်ကောင်၊ သီရိလင်္ကာ၊ ဩစတေးလျ၊ ကိုရီးယား၊ဘင်္ဂလားဒေ့ရှ်၊ ထိုင်း၊ ဂျပန်၊ တရုတ်၊ တရုတ် (တိုင်ပေ)နှင့် အီရန်အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး မတ်လ(၂၈)ရက်နေ့မှ ဧပြီလ(၅)ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ ဘောလီဘောပြိုင်ပွဲများကို ဧပြီလ (၅)ရက်နေ့တွင် ဝဏ္ဏသိဒ္ဓိ အားကစားရုံ (B) ၌ ဂျပန်အသင်းနှင့် ကိုရီးယားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာတွင် ဂျပန်အသင်းက အနိုင်ရရှိပြီး တံခွန်စိုက်ဆုဖလားကို ရရှိခဲ့ပါသည်။ ဗိုလ်လုပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ၊ အာရှဘော်လီဘော အဖွဲ့ချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဘော်လီဘော အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်းတို့မှ တက်ရောက် ကြည့်ရှုအားပေးကာ ပထမဆုရရှိသော ဂျပန်အသင်း၊ ဒုတိယဆုရရှိသော ကိုရီးယားအသင်း တတိယဆုရရှိသော တရုတ်အသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုဖလားများကို ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

## အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်ခြင်း







၂၀၁၇ ခုနှစ်၊ (၇) ကြိမ်မြောက် ဂျပန်ဖလား ကရာတေးဒိုပြိုင်ပွဲကို မတ်လ(၂၃)ရက်နေ့နှင့် (၂၄)ရက်နေ့တို့တွင် ရန်ကုန်မြို့၊ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁)၊ သုဝဏ္ဏ၌ ကျင်းပပြုလုပ်ခဲ့ရာ တံခွန်စိုက်ဒိုင်းဆုဖလားကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အသင်းက ဆွတ်ခူးရရှိခဲ့ပါသည်။

"စည်းလုံး-ဖော်ထုတ်၊ ဖော်ထုတ်-ထိန်းသိမ်း၊ ထိန်းသိမ်း-လေ့ကျင့်၊ လေ့ကျင့်-ပြန့်ပွား သိုင်းအားကစား" ဆောင်ပုဒ်နှင့် အညီ လူတိုင်း သိုင်းပညာတတ်စေရန် ရည်ရွယ်၍ ကျင်းပပြုလုပ်သော တတိယအကြိမ်မြောက် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဗန်တိုတံခွန်စိုက်ပြိုင်ပွဲကို မတ်လ(၂၆) ရက်နေ့မှ (၃၀)ရက်နေ့အထိ ရန်ကုန်မြို့၊ အောင်ဆန်းအားကစားပြိုင်ဝင်း၊ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ အမျိုးသား ဗန်တိုအတိုက် (၆)တန်း၊ အမျိုးသမီး ဗန်တိုအတိုက် (၃)တန်းနှင့် အမျိုးသားသက်ငယ်တန်း ဗန်တိုအတိုက် (၂)တန်း၊ စုစုပေါင်း ပြိုင်ပွဲဝင်အသင်း (၁၇)သင်းတို့မှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပါသည်။

၂၀၁၇ ခုနှစ်၊ မလေးရှားနိုင်ငံတွင် ကျင်းပပြုလုပ်မည့် (၂၉) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် (၉)ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲ အထိမ်းအမှတ် လက်ဆင့်ကမ်းပြေးပွဲ (Rising Together Baton Run) ကို မတ်လ (၂၅)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ မလေးရှားနိုင်ငံ၊ လူငယ်နှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Datuk M. Saravanan၊ အမြဲတမ်းအတွင်းဝန်ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ အရှေ့တောင်အာရှဒေသနိုင်ငံအသီးသီးမှ သံအမတ်ကြီးများနှင့် သံရုံးကိုယ်စားလှယ်များ၊ လက်ဆင့်ကမ်းပြေးမည့် မြန်မာ့လက်ရွေးစင်အားကစားသမားများ၊ သူနာပြုတက္ကသိုလ်မှ ဆရာ/ဆရာမများ၊ ကျောင်းသား/ကျောင်းသူများ ပါဝင်ဆင်နွှဲခဲ့ကြပါသည်။

## အမျိုးသမီးအားကစားသမားများအား ထောက်ပံ့လှူဒါန်းမှု အခမ်းအနားကျင်းပခြင်း

မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးအားကစားအဖွဲ့ဆပ်ကော်မတီတို့က မြန်မာ့လက်ရွေးစင် အမျိုးသမီးအားကစားသမားများအား ထောက်ပံ့ လှူဒါန်းခြင်းအခမ်းအနားကို ဧပြီလ(၂၈)ရက်နေ့တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေး၊ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် နာယကနှင့် ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးအားကစားအဖွဲ့ ဆပ်ကော်မတီ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အမျိုးသမီးလက်ရွေးစင်အားကစားသမားများ တက်ရောက်ခဲ့ပြီး စုစုပေါင်း



အလှူငွေကျပ် (၄၂)သိန်းနှင့် မာမီးခေါက်ဆွဲခြောက် (၂၈၀)ပုံးအား ပေးအပ်လှူဒါန်းခဲ့ပါသည်။

## နိုင်ငံတကာပြိုင်ပွဲများတွင် မြန်မာအားကစားသမားများ ဆုတံဆိပ်ဆွတ်ခူးခြင်း






မလေးရှားနိုင်ငံတွင် မတ်လ(၂၁) ရက်နေ့မှ (၂၆) ရက်နေ့အထိ ကျင်းပခဲ့သည့် အာဆီယံချန်ပီယံတိုက်ကွမ်ဒိုပြိုင်ပွဲနှင့် လူငယ်တိုက်ကွမ်ဒိုပြိုင်ပွဲသို့ မြန်မာတိုက်ကွမ်ဒိုအဖွဲ့မှ သွားရောက်ယှဉ်ပြိုင်ခဲ့ရာ Feather Weight ပြိုင်ပွဲ၊ Bantam Weight ပြိုင်ပွဲ၊ Fly Weight ပြိုင်ပွဲ၊ လူငယ်တိုက်ကွမ်ဒို အသက်(၁၂)နှစ်မှ (၁၄)နှစ်အထိ Heavy Weight ပြိုင်ပွဲ၊ Light Weight ပြိုင်ပွဲ၊ Bantam Weight ပြိုင်ပွဲ၊ Fin Weight ပြိုင်ပွဲ၊ အသက် (၁၅)နှစ်မှ (၁၇) နှစ်အထိ Bantam Weight ပြိုင်ပွဲ အသီးသီးတွင် စုစုပေါင်း ရွှေတံဆိပ် (၂)ခု၊ ငွေတံဆိပ် (၆)ခု၊ကြေးတံဆိပ် (၅)ခု ရရှိခဲ့ပါသည်။

ထိုင်းနိုင်ငံ၌ကျင်းပပြုလုပ်သည့် Singha Championship ဂေါက်သီးရိုက်ပြိုင်ပွဲသို့ မြန်မာဂေါက်သီးရိုက်အဖွဲ့သည် ကစားသမား (၃)ဦးဖြင့် သွားရောက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာအမျိုးသမီး ဂေါက်သီးအားကစားသမား မယဉ်မေမျိုးသည် စုစုပေါင်းရိုက်ချက် (၂၁၈) ချက်ဖြင့် ပထမဆု ရရှိခဲ့ပါသည်။

ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ ဧပြီလ (၂၁)ရက်မှ (၂၄)ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် Thailand Open Karatedo Championship 2017 ပြိုင်ပွဲကို ဥရောပ၊ အာရှနှင့် အာဆီယံဒေသတွင်း (၉) နိုင်ငံအပါအဝင် နိုင်ငံပေါင်း (၁၈)နိုင်ငံ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး မြန်မာနိုင်ငံက အမျိုးသား (၁၀) ဦး၊ အမျိုးသမီး (၈)ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာကရာတေးဒိုအသင်းသည် ရွှေ (၃) ခု၊ ငွေ (၁) ခု၊ ကြေး (၆)ခု ရရှိခဲ့ပါသည်။

## ပြည်ထောင်စုနယ်မြေနေပြည်တော်တွင် နွေရာသီအခြေခံအားကစားသင်တန်းများဖွင့်လှစ်ခြင်း

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် နွေရာသီ အခြေခံအားကစားသင်တန်းများဖွင့်ပွဲကို မတ်လ (၁)ရက်နေ့တွင် ပေါင်းလောင်း ပြည်သူ့အားကစားကွင်း၌ ကျင်းပပြုလုပ်ခဲ့ရာ အားကစားနှင့် ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင် တက်ရောက်အမှာစကားပြောကြားခဲ့ပါသည်။ ၄င်းသင်တန်းကို ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ရှိ မြို့နယ်(၈)မြို့နယ်မှ အခြေခံပညာကျောင်းများနှင့် မြို့နယ်အားကစားကွင်း/ရုံများ၌ ဖွင့်လှစ်ပြီး ပိုက်ကျော်ခြင်း၊ တိုက်ကွမ်ဒို၊ ကရာတေးဒို၊ ပြေးခုန်ပစ်၊ ဘော်လီဘော၊ ဘောလုံး၊ မြန်မာ့သိုင်းနှင့် ဝူရှူးအားကစားနည်းများကို မတ်လ (၁) ရက်နေ့မှ (၁၄) ရက်နေ့ အထိ သင်ကြားပေးခဲ့ပါသည်။



## နိုင်ငံ့ဂုဏ်ဆောင် စစ်တုရင်ချန်ပီယံ အားကစားသမား(၃)ဦးအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း

နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အောင်နိုင်ဆုများ ဆွတ်ခူးရယူပေးခဲ့သော မြန်မာစစ်တုရင်ကစားသမား ဦးဝင်းထွန်း၊ ဦးမြင့်ဟန်နှင့် ဦးခင်ကိုတို့ကို အားကစားနှင့် ကာယပညာဦးစီးဌာန နှင့် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်တို့ပူးပေါင်း၍ ဂုဏ်ပြုဆုများ ချီးမြှင့်သည့် အခမ်းအနားကို မေလ(၁၇)ရက်နေ့တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး နှင့် မြန်မာနိုင်ငံစစ်တုရင် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်တို့က ဂုဏ်ပြုအမှာစကားများ ပြောကြားခဲ့ကြပြီး ဆုရရှိကြသူများအား ငွေသားဆုနှင့် ဂုဏ်ပြု မှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြပါသည်။




## ၂၀၁၇ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် လူထုစုပေါင်းလမ်းလျှောက်ပွဲနှင့် အားကစားပြိုင်ပွဲများ ကျင်းပခြင်း







၂၀၁၇ ခုနှစ်၊ ဇွန်လ(၂၃)ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ် အားကစား လှုပ်ရှားမှု အဖြစ် လူထုစုပေါင်းလမ်းလျှောက်ပွဲကို ဇွန်(၁၇)ရက်နေ့၊ နံနက်(၆) နာရီတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တွင် ကျင်းပခဲ့ရာ နေပြည်တော်၊ မြို့မဈေးရှေ့မှ စတင်ပြီး ပျဉ်းမနား-တောင်ညိုလမ်း အတိုင်း၊ သပြေကုန်းအဝိုင်းမှတစ်ဆင့် မဏိရတနာကျောက်စိမ်းခန်းမ ရှေ့အထိ အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီး ဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ဝန်ကြီးဌာန များမှ ဝန်ထမ်းများ၊ နေပြည်တော်ရှိ လုပ်သားပြည်သူများပါဝင်သော အင်အား(၃၀၀၀)ခန့်သည် အတူတကွ စုပေါင်းလမ်းလျှောက်ခဲ့ကြပြီး မဏိရတနာကျောက်စိမ်းခန်းမရှေ့၌ စုပေါင်းကိုယ်လက် ကြံ့ခိုင်ရေး လေ့ကျင့်ခန်း အတွဲ (၁)နှင့် (၂)တို့ကို ပြုလုပ်ခဲ့ပါသည်။

၂၀၁၇ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်း အမှတ် အားကစားပြိုင်ပွဲများအဖြစ် ဇွန်လ(၁၅)ရက်နေ့တွင် မြားပစ် ပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိမြားပစ်ကွင်း၌လည်းကောင်း၊ ဘိလိယက်နှင့် စနူကာပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ ဘိလိယက်နှင့်စနူကာ ပြိုင်ပွဲရုံ၌လည်းကောင်း၊ ဇွန်လ(၁၆) ရက်နေ့တွင် အမျိုးသား/ အမျိုး သမီး (၁၀)ကီလိုမီတာ လူသစ်တန်း စက်ဘီးစီးပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း ပြင်ပပတ်လမ်း၌လည်းကောင်း၊ ကျင်းပပြုလုပ် ခဲ့ပြီး ပြိုင်ပွဲတွင်ဆုရရှိကြသူများအား သက်ဆိုင်ရာတာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

## မြန်မာအားကစားသမားများ လေ့ကျင့်နေမှုအား လိုက်လံကြည့်ရှုစစ်ဆေးခြင်း



အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ လိုက်ပါလျက် နေပြည်တော်ရှိ သက်ဆိုင်ရာ အားကစားကွင်း/ရုံများသို့ သွားရောက်၍ မလေးရှားနိုင်ငံတွင် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၁၉)မှ (၃၀)ရက်နေ့အထိ ကျင်းပပြုလုပ်မည့် (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်နေသော မြန်မာ့လက်ရွေးစင် အားကစားသမားများကို လိုက်လံကြည့်ရှု၍ အားပေးစကားပြောကြားခဲ့ပါသည်။

## ၂၀၁၇ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားပြိုင်ပွဲများ ကျင်းပခြင်း





၂၀၁၇ ခုနှစ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဘော်လီဘောပြိုင်ပွဲကို မေ(၂၄)မှ ဇွန်(၂)ရက်နေ့အထိ ဝဏ္ဏသိဒ္ဓိအားကစား ပြိုင်ပွဲရုံ (B)၌ ကျင်းပပြုလုပ်ခဲ့ပြီး အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသော တနင်္သာရီတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရရှိသော မကွေးတိုင်းဒေသကြီးအသင်း၊ ပူးတွဲတတိယဆုရရှိသော ပဲခူးတိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်း၊ အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသော ရှမ်းပြည်နယ်အသင်း၊ ဒုတိယဆုရရှိသော ဧရာဝတီတိုင်းဒေသကြီးအသင်း၊ ပူးတွဲတတိယဆုရရှိသော ကရင်ပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်း၊ အမျိုးသမီး တံခွန်စိုက်ဒိုင်းဆု ရရှိသော တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် အမျိုးသားတံခွန်စိုက်ဒိုင်းဆုရရှိသွားသော ရှမ်းပြည်နယ်အသင်းတို့အား အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

၂၀၁၇ ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ရေကူးပြိုင်ပွဲကို ဇွန်လ(၈)ရက်မှ (၉)ရက်နေ့အထိ ဝဏ္ဏသိဒ္ဓိရေကူးကန်၌ ကျင်းပပြုလုပ်ခဲ့ပြီး အမျိုးသမီးတံခွန်စိုက်ဒိုင်းဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် အမျိုးသားတံခွန်စိုက်ဒိုင်းဆု ရရှိသော မန္တလေးတိုင်းဒေသကြီးအသင်းတို့အား အမျိုးသားလွှတ်တော်၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီအဖွဲ့ဝင်များနှင့် အားကစားနှင့်ကာယပညာဦးစီးဌာန တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

၂၀၁၇ ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ဂျူဒိုပြိုင်ပွဲကို ဇွန်လ (၁၁)ရက် မှ (၁၂) ရက်နေ့အထိ ဝဏ္ဏသိဒ္ဓိ အားကစားပြိုင်ပွဲရုံ (C) ၌ ကျင်းပပြုလုပ်ခဲ့ရာ အမျိုးသမီးတံခွန်စိုက်ဒိုင်းဆုရရှိသော ကချင်ပြည်နယ်အသင်း၊ အမျိုးသားတံခွန်စိုက်ဒိုင်းဆု ရရှိသော ရှမ်းပြည်နယ်အသင်းနှင့် စုပေါင်းတံခွန်စိုက်ဒိုင်းဆု ရရှိသော ကချင်ပြည်နယ်အသင်းတို့အား ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့်တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

၂၀၁၇ ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဇူလိုင်လ(၂၀)ရက်မှ(၃၀)ရက်နေ့အထိ ဝဏ္ဏသိဒ္ဓိ အားကစားပြိုင်ပွဲရုံ(B) ၌ ကျင်းပပြုလုပ်ခဲ့ရာ အမျိုးသမီးတံခွန်စိုက် ဆုဖလားရရှိသော ပဲခူးတိုင်းဒေသကြီးအသင်း၊ အမျိုးသားတံခွန်စိုက်ဆုဖလားရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် စုပေါင်းတံခွန်စိုက်ဆုဖလားရရှိသော ပဲခူးတိုင်းဒေသကြီးအသင်းတို့အား ညွှန်ကြားရေးမှူးချုပ်ဦးမျိုးလှိုင်နှင့်တာဝန်ရှိသူများကဆုများပေးအပ်ချီးမြှင့်ခဲ့ပါသည်။

## (၂၀၁၇) ခုနှစ်၊ မတ်လမှ ဇွန်လအတွင်း ဆောင်ရွက်ခဲ့သည့် အစည်းအဝေး/အလုပ်ရုံဆွေးနွေးပွဲ/သင်တန်းများ

## ပြည်သူ့ကျန်းမာရေးဦးစီးဌာန

### ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက်

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၁ | လက်ထောက်ဆရာဝန်များအတွက် အေအာတီဆေးကုသမှုဆိုင်ရာသင်တန်း | သင်တန်း | (၆၅) ဦး |
| ၂ | စီမံချက်ဆိုင်ရာ ဒုတိယ(၃)လပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး | အစည်းအဝေး | (၅၀) ဦး |
| ၃ | မိခင်မှကလေးသို့ အိပ်ချ်အိုင်ဗွီပိုးကူးစက်မှုကာကွယ်ရေးလုပ်ငန်းများ (PMTCT) ဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေး | အစည်းအဝေး | (၅၀) ဦး |
| ၄ | Open Source Medical Record System Roll out Plan for 2017-2018 လုပ်ငန်းညှိနှိုင်း အစည်းအဝေး | အစည်းအဝေး | (၄၀) ဦး |
| ၅ | ၂၀၁၈-၂၀၂၀ခုနှစ်အတွက် ဆေးနှင့်ဆေးပစ္စည်းများဝယ်ယူရန် ဘဏ္ဍာရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ | အလုပ်ရုံဆွေးနွေးပွဲ | (၆၀) ဦး |
| ၆ | ၂၀၁၆ ခုနှစ်အတွက် အေအာတီ (ART) ဆေးကုသမှုဆိုင်ရာလုပ်ငန်းများ ပြန်လည်သုံးသပ် ဆွေးနွေးခြင်း အစည်းအဝေး | အစည်းအဝေး | (၁၂၀) ဦး |
| ၇ | ၂၀၁၆ ခုနှစ်အတွက် မိခင်မှကလေးသို့ အိပ်ချ်အိုင်ဗွီပိုးကူးစက်မှုမှ ကာကွယ်ခြင်း လုပ်ငန်းများ ပြန်လည်သုံးသပ်ဆွေးနွေးခြင်း အစည်းအဝေး | အစည်းအဝေး | (၈၀) ဦး |
| ၈ | ခုခံအားကျဆင်းမှုကူးစက်ရောဂါဆိုင်ရာ အမျိုးသားမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၀) မိတ်ဆက်ခြင်းအခမ်းအနား | အခမ်းအနား | (၂၀၀) ဦး |
| ၉ | မိခင်မှကလေးသို့ အိပ်ချ်အိုင်ဗွီပိုးကူးစက်မှုပပျောက်ခြင်းလုပ်ငန်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲ | ဆွေးနွေးပွဲ | (၆၀) ဦး |
| ၁၀ | ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက်ဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်သည့်သင်တန်း (Pre services Training)<br>- မေလ<br>- ဇွန်လ | သင်တန်း | <br><br>(၃၀) ဦး<br>(၄၅) ဦး |
| ၁၁ | အိပ်ချ်အိုင်ဗွီပိုးတွေ့ကိုယ်ဝန်ဆောင်မိခင်များနှင့် ပတ်သက်သည့်သင်တန်း | သင်တန်း | (၆၃) ဦး |
| ၁၂ | အိပ်ချ်အိုင်ဗွီပိုးတွေ့ကိုယ်ဝန်ဆောင်မိခင်များနှင့် ပတ်သက်သည့်မြို့နယ်အဆင့်အလုပ်ရုံဆွေးနွေးပွဲ | အလုပ်ရုံဆွေးနွေးပွဲ | (၆၃) ဦး |
| ၁၃ | Adherence counselling ၏အရေးပါပုံနှင့် ပြုလုပ်နည်း၊ လူနာများဆေးသောက်ပုံသောက်နည်း မှန်ကန်စေရန်နှင့် defaulter tracing သင်တန်း | သင်တန်း | (၃၀) ဦး |
| ၁၄ | ၂၀၁၆ ခုနှစ်အတွက် ခုခံအားကျဆင်းမှုကူးစက်ရောဂါဆိုင်ရာနှစ်ပတ်လည်လုပ်ငန်းများ ဆန်းစစ် ဆွေးနွေးခြင်း အစည်းအဝေး | အစည်းအဝေး | (၁၈၀) ဦး |
| ၁၅ | ၂၀၁၇ခုနှစ် တတိယသုံးလပတ်အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး | အစည်းအဝေး | (၈၀) ဦး |
| ၁၆ | ခုခံအားကျဆင်းမှုကူးစက်ရောဂါဆိုင်ရာ နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း ဆရာဖြစ်သင်တန်း | သင်တန်း | (၃၂) ဦး |

## အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံချက်

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၁ | ဓာတ်ခွဲဝန်ထမ်းများအတွက် သလိပ်မှန်ဘီလူးကြည့်၊ တီဘီဓာတ်ခွဲသင်တန်း | သင်တန်း | (၇၁) ဦး |
| ၂ | တီဘီလူနာကုသမှုရလဒ်ဆိုင်ရာသင်တန်း | သင်တန်း | (၁၁၅) ဦး |
| ၃ | (၂၀၁၇) ခုနှစ်၊ ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အစည်းအဝေး | အစည်းအဝေး | (၄၅၀) ဦး |
| ၄ | တိုင်းဒေသကြီးနှင့်ပြည်နယ် တီဘီဆရာဝန်ကြီးများလုပ်ငန်းညှိနှိုင်းအစည်းအဝေး | အစည်းအဝေး | (၂၅) ဦး |
| ၅ | Active TB Drug Safety Monitoring and Management (aDSM) Consultation အလုပ်ရုံဆွေးနွေးပွဲ | အလုပ်ရုံဆွေးနွေးပွဲ | (၃၁) ဦး |
| ၆ | GFATM Forecasting & Quantification အလုပ်ရုံဆွေးနွေးပွဲ | အလုပ်ရုံဆွေးနွေးပွဲ | (၂၅) ဦး |
| ၇ | QGIS Software အသုံးပြုနည်း အခြေခံသင်တန်း | သင်တန်း | (၃၀) ဦး |
| ၈ | ဆေးယဉ်ပါးတီဘီရောဂါတိုက်ဖျက်ရေးစီမံခန့်ခွဲမှုလမ်းညွှန် ဆရာဖြစ်သင်တန်း | သင်တန်း | (၄၀) ဦး |
| ၉ | (၁၇)ကြိမ်မြောက် WHO တီဘီဝန်ထမ်းများ အစည်းအဝေး | အစည်းအဝေး | (၇၀) ဦး |
| ၁၀ | Extended TB Technical Strategic Group (TSG) အစည်းအဝေး | အစည်းအဝေး | (၃၀) ဦး |
| ၁၁ | သလိပ်ပေးပို့ခြင်းစနစ် ပိုမိုကောင်းမွန်စေမည့် နည်းလမ်းများအတွက် အလုပ်ရုံဆွေးနွေးပွဲ | အလုပ်ရုံဆွေးနွေးပွဲ | (၆၀) ဦး |
| ၁၂ | ခရိုင်/မြို့နယ်အဆင့် တီဘီရောဂါတိုက်ဖျက်ရေး စီမံခန့်ခွဲမှုသင်တန်း | သင်တန်း | (၇၇) ဦး |
| ၁၃ | ဓါတ်ခွဲဝန်ထမ်းများအတွက် သလိပ်မှန်ဘီလူးကြည့် တီဘီဓါတ်ခွဲသင်တန်း | သင်တန်း | (၉၆) ဦး |
| ၁၄ | GeneXpert ဖြင့် တီဘီရောဂါရှာဖွေခြင်းဆိုင်ရာသင်တန်း | သင်တန်း | (၅၁) ဦး |
| ၁၅ | တီဘီရောဂါတိုက်ဖျက်ရေးဆိုင်ရာနှစ်သိမ့်ဆွေးနွေးပညာပေးခြင်းသင်တန်း<br>- မတ်လ<br>- ဧပြီလ<br>- မေလ<br>- ဇွန်လ | သင်တန်း | <br>(၉၉) ဦး<br>(၄၀) ဦး<br>(၃၈၉) ဦး<br>(၃၇၂) ဦး |
| ၁၆ | သလိပ်လက်ခံပေးပို့မှုဆိုင်ရာသင်တန်း<br>- မတ်လ<br>- ဧပြီလ<br>- မေလ<br>- ဇွန်လ | သင်တန်း | <br>(၂၇၁) ဦး<br>(၃၀) ဦး<br>(၆၂) ဦး<br>(၃၁၃) ဦး |
| ၁၇ | အခြေခံကျန်းမာရေးဝန်ထမ်းများအတွက်တီဘီရောဂါတိုက်ဖျက်ရေး စီမံခန့်ခွဲမှုသင်တန်း<br>- မတ်လ<br>- ဧပြီလ<br>- မေလ<br>- ဇွန်လ | သင်တန်း | <br>(၉၀) ဦး<br>(၁၀၄) ဦး<br>(၆၃၁) ဦး<br>(၁၄၂) ဦး |
| ၁၈ | အခြေခံကျန်းမာရေးဝန်ထမ်းများအတွက် ဆေးယဉ်ပါးတီဘီရောဂါတိုက်ဖျက်ရေး စီမံခန့်ခွဲမှုသင်တန်း<br>- မေလ<br>- ဇွန်လ | သင်တန်း | <br>(၁၄၂) ဦး<br>(၂၁၂) ဦး |
| ၁၉ | ပြည်သူ့ဆေးရုံကြီးများတွင် Public -Public Mixed DOTS သင်တန်း<br>- မေလ<br>- ဇွန်လ | သင်တန်း | <br>(၅၉) ဦး<br>(၅၆) ဦး |

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၂၀ | ပြည်သူလူထုအခြေပြုတီဘီရောဂါဆိုင်ရာသင်တန်း | သင်တန်း | (၅၈) ဦး |
| ၂၁ | မြန်မာနိုင်ငံရှိ အကျဉ်းထောင်များတွင် ကျန်းမာရေးစောင့်ရှောက်မှုတိုးတက်ရေးစီမံချက် လုပ်ငန်းစဉ် ရေးဆွဲခြင်း အစည်းအဝေး | အစည်းအဝေး | (၂၀) ဦး |
| ၂၂ | Global Fund နှင့် 3MDG ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်း သုံးလပတ် အစီအစဉ်ရေးဆွဲခြင်း အစည်းအဝေး | အစည်းအဝေး | (၅၅) ဦး |
| ၂၃ | ဆေးယဉ်ပါးတီဘီရောဂါ တိုက်ဖျက်ရေးဆိုင်ရာ အဆင့်မြင့်အစည်းအဝေး | အစည်းအဝေး | (၂၅) ဦး |
| ၂၄ | တီဘီစာရင်းအင်းများအား TB DHIS2 Modules Software အသုံးပြုခြင်းဆိုင်ရာ ကွန်ပျူတာ သင်တန်း | သင်တန်း | (၉၆) ဦး |
| ၂၅ | TB DHIS2 Modules for Monitoring & Evaluation Data Coordinators သင်တန်း | သင်တန်း | (၂၈) ဦး |
| ၂၆ | တီဘီရောဂါဆိုင်ရာဓါတ်မှန်သင်တန်း | သင်တန်း | (၁၃၀) ဦး |
| ၂၇ | တီဘီ/အိပ်ချ်အိုင်ဗွီ ဒွန်တွဲဖြစ်ပွားမှု ရောဂါတိုက်ဖျက်ရေးဆိုင်ရာသင်တန်း | သင်တန်း | (၁၁၁) ဦး |
| ၂၈ | ကလေးတီဘီရောဂါတိုက်ဖျက်ရေးဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်း | သင်တန်း | (၁၁၅) ဦး |
| ၂၉ | 3MDG အဖွဲ့မှ Digital Mobile X-rays Van (၂) စီး လွှဲပြောင်းပေးအပ်ခြင်းအစည်းအဝေး | အစည်းအဝေး | (၄၀) ဦး |
| ၃၀ | (၂၀၁၆) ခုနှစ်၏ တီဘီဓါတ်ခွဲဆိုင်ရာ နှစ်ပတ်လည် လုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲ | ဆွေးနွေးပွဲ | (၁၁၀) ဦး |
| ၃၁ | (၂၀၁၆) ခုနှစ်၏ တီဘီရောဂါတိုက်ဖျက်ရေးဆိုင်ရာ နှစ်ပတ်လည်လုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲ | ဆွေးနွေးပွဲ | (၁၆၀) ဦး |
| ၃၂ | GeneXpert & GXAlert System ပြန်လည်ဆန်းစစ်ခြင်းအစည်းအဝေး | အစည်းအဝေး | (၃၄) ဦး |

## ငှက်ဖျားရောဂါတိုက်ဖျက်ရေးစီမံချက်

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၁ | ငှက်ဖျားရောဂါ ဖြစ်ပွား/သေဆုံးမှုဆိုင်ရာ သတင်းအချက်အလက်များ ကွန်ပျူတာစာရင်းသွင်းခြင်း ဗဟိုအဆင့်မွမ်းမံသင်တန်း | အလုပ်ရုံဆွေးနွေးပွဲ | (၂၀) ဦး |
| ၂ | ငှက်ဖျားရောဂါ ဖြစ်ပွား/သေဆုံးမှုဆိုင်ရာ သတင်းအချက်အလက်များကွန်ပျူတာစာရင်းသွင်းခြင်းနှင့် ပထဝီအနေအထားနှင့်ရောဂါအချက်အလက်ထည့်သွင်းခြင်းဆိုင်ရာ ကွန်ပျူတာစနစ်သင်တန်း | သင်တန်း | (၄၃) ဦး |
| ၃ | ကမ္ဘာ့ငွေကြေးရံပုံငွေဖြင့် ဆောင်ရွက်မည့် ငှက်ဖျားရောဂါကာကွယ်ကုသရေးဆိုင်ရာလုပ်ငန်းများ ကြိုတင်တွက်ချက်ခြင်း အစည်းအဝေး | အစည်းအဝေး | (၁၀၀) ဦး |
| ၄ | ငှက်ဖျားရောဂါဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု ပြန်လည်သုံးသပ်ခြင်းနှင့် လုပ်ငန်းစီမံချက်ရေးဆွဲခြင်း ဆိုင်ရာ (၃)လပတ်အစည်းအဝေး | အစည်းအဝေး | (၇၄) ဦး |
| ၅ | ငှက်ဖျားရောဂါ ဖြစ်ပွား/သေဆုံးမှုဆိုင်ရာ သတင်းအချက်အလက်များ ကွန်ပျူတာစာရင်းသွင်းခြင်း သင်တန်း | သင်တန်း | (၂၈) ဦး |
| ၆ | ငှက်ဖျားရောဂါကူးစက်မှုကင်းစင်ရေးလုပ်ငန်းစဉ် သင်တန်း | သင်တန်း | (၆၅) ဦး |
